ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ သောကြာနေ့၊ (30-1-2004) (၄၁၃၁)

မာတာပိတု ဥပဋ္ဌာနံ
တေံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စည်းလုံးညီညွတ်သည့် အစဉ်အလာကောင်းတို့ကို ထိန်းသိမ်း

သမိုင်းစဉ်တစ်လျှောက် ညီညွတ်ခဲ့သည့် အစဉ်အလာ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေး ကြိုးပမ်းမှုများတွင် တစ်ဦးအပေါ်တစ်ဦး နားလည်မှု အပြည့်အဝဖြင့် စည်းလုံးညီညွတ်ကြသည့် အစဉ်အလာကောင်းတို့ကို ဆက်လက်ထိန်းသိမ်းရေးသည် ကျွန်ုပ်တို့ ပြည်ထောင်စုတိုင်းရင်းသားတစ်ဦးချင်း၏ အရေးကြီးဆုံးသော မြင့်မားမွန်မြတ်သည့် တာဝန်ကြီးတစ်ရပ်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၄၆)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူနိုကယ်လ်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယူနိုကယ်လ်ဥက္ကဋ္ဌ Mr. David C Peters အား ယနေ့ ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူနိုကယ်လ်ဥက္ကဋ္ဌ Mr. David C Peters အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၇၃၅၈

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✪ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
- ✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ယောနယ်ဒေသ ကန်တောရကျောင်းတိုက် ရွှေကျင်ဝိနည်းစာပြန်ပွဲ သီတဂူဓမ္မသဘင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မကွေးတိုင်း ဂန့်ဂေါခရိုင်ကန်တောရကျောင်းတိုက်ကြီး၏ နှစ် (၁၀၀) ပြည့်အကြို (၉၉)ကြိမ်မြောက် ရွှေကျင်ဝိနည်းစာပြန်ပွဲကို ၎င်းကျောင်းတိုက်ကြီး၌ ၁၃၆၅ ခု၊ တပို့ပွဲလဆန်း ၁ ရက်မှ တပို့တွဲလပြည့်ထိ ကျင်းပလျက်ရှိသည်။ စာပြန်ပွဲတွင် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ အဓိပတိဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သပိတ်အိုင်တောရ သဲကုန်းဆရာတော် အရှင်ဉာဏိဿရ Ph.D (Litt.)က တပို့တွဲလဆန်း ၁၃ ရက်နှင့် ၁၄ရက် ညများတွင် လည်းကောင်း၊ တပို့တွဲလဆန်း ၁၄ ရက်တွင် ဂန့်ဂေါမြို့၌လည်းကောင်း၊ တပို့တွဲလပြည့်ညတွင် တိပိဋကဓရ ယောဆရာတော်၏ဇာတိ လက်ပံရွာတရားမဏ္ဍပ်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်၍ နယ်သူနယ်သားများ တရားတော်နာကြွရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

တွေ့ဆုံနှုတ်ဆက်

ဇန်နဝါရီ ၂၉ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူနီကယ်လ်ဥက္ကဋ္ဌ Mr. David C Peters အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းရှေ့ဖုံး) (သတင်းစဉ်)

မြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ကြေးမုံ

ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး တိုင်းရင်းသားပြည်သူအားလုံး ကြိုးပမ်းဆောင်ရွက်

၃၀-၁-၂၀၀၄ (သောကြာနေ့)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြင့် ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားများသည် နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် အတူတကွ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲ လက်တွဲကာကွယ် ထိန်းသိမ်းခဲ့သည့် အစဉ်အလာရှိသည်။

တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် မြန်မာနိုင်ငံအား ကျူးကျော်လာသူ နယ်ချဲ့တို့အား စည်းလုံးညီညွတ်သော စွမ်းအားဖြင့် အတူလက်တွဲ တွန်းလှန်နိုင်ခဲ့ကြသည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဝသို့ ရောက်ရှိသည်အထိ ရယူကြိုးပမ်းနိုင်ခဲ့ကြသည်။

ပြည်ထောင်စုကြီးကမ္ဘာ့အလယ်တွင် ဂုဏ်တင့်ဝင့်ထည်စွာ ရပ်တည်နေနိုင်ခြင်းမှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း စည်းလုံးညီညွတ်နေ၍ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူ အားလုံးတို့က ပြည်ထောင်စုကြီး၏ အနှစ်သာရ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ တန်ဖိုးတို့ကို ထာဝစဉ်စွဲမြဲခံယူ ထားကြရမည် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပေါင်းစည်း နေထိုင်လျက်ရှိကြသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားယုံကြည်မှုဖြင့် မိမိတို့ ယုံကြည်ရာကိုးကွယ်ခွင့်၊ မိမိတို့နှစ်ခြိုက်ရာ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာကောင်းများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြသည်။ ယင်းသို့လက်တွဲပေါင်းစည်းနေထိုင်ပြီး ဓလေ့စရိုက်ကောင်းများကိုထိန်းသိမ်းနေကြခြင်းသည် နိုင်ငံတော်၏ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားပြီး ညီညွတ်မျှတသည့် လူဘောင်အဖွဲ့အစည်း တည်ထောင်ထားနိုင်သည့် အမျိုးသားရေးစွမ်းရည်ကို ဖော်ပြနေခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရကလည်း ညီနောင်တိုင်းရင်းသားများအကြားတွင် ပြည်ထောင်စုကြီး၏ အနှစ်သာရနှင့် အစဉ်အလာကောင်းများ ဆက်လက်တည်တံ့ခိုင်မြဲနေစေရေးအတွက် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များတွင် **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး** ဦးတည်ချက်ပါဝင်သည်။

ဘေးဘိုးစဉ်ဆက် ဉမကွဲသိုက်မပျက် အေးအတူပူအမျှ ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရေးတာဝန်သည် မျက်မှောက်ခေတ် နိုင်ငံသူ၊ နိုင်ငံသားများ ထမ်းဆောင်ရမည့် တာဝန်ဖြစ်သည်။

မိမွေဘမွေဖြစ်သည့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့် တာဝန်သည် ယနေ့ကာလတွင် အမွေဆက်ခံရပ်တည်နေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးတိုင်း၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများအားလုံးပေါ်တွင် ဖြူစင်သော မေတ္တာစေတနာထားရှိသည်။ ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များကို စနစ်တကျ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ညီညီညွတ်ညွတ် ပါဝင်ကြိုးပမ်းလျက်ရှိကြသည်။

ယနေ့ကာလတွင် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းသာယာလျက်ရှိသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြသည်။ တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ပြည်သူအများ လက်တွေ့ရရှိခံစားနေကြရပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးအတွင်း ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးဝေစည်မှု အမွန်အမြတ်တရားများနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ထာဝရ တည်တံ့ခိုင်မြဲနေစေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားနေစေရေး အစဉ်နှလုံးသွင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

မြစ်မင်းရော ဥပမာ

* တငြိမ့်ငြိမ့်လျှင်
ညင်ညင်သာသာ၊ စီးဆင်းပါသော
ကာလကြာရှည်၊ ပေါ်ထွန်းတည်သော
ပြည်ထောင်စုဖွား၊ မြန်ပြည်သားတို့
အားထားစရာ၊ ကျိုးပြုပါသော
ဧရာဝတီ၊ အို-နဒီ။

* မြန်ပြည်မြောက်ဆွယ်၊ ကချင်နယ်မှ
မြစ်ငယ်မေခ၊ မလိခတို့
တူကွပေါင်းကာ၊ သင်ဧရာကို
ဖြာဖြာစီးဆင်း စေပါ၏။

* ရှမ်းကုန်းပြင်ကျယ်၊ ရှမ်းတို့နယ်မှ
"မြစ်ငယ်"ရွှေလီ၊ "တပိန်"သည်လျှင်
နဒီဧရာ၊ သင့်ထံလာ၍
ပေါင်းကာစီးဝင်၊ အားသစ်ဆင်၏။

* ချင်းတို့နေရာ၊ ချင်းဒေသာမှ
သွယ်ဖြာစီးဆင်း၊ မြစ်ချင်းတွင်းလည်း
မြစ်မင်းဧရာ၊ သင့်ထံလာ၍
ရောကာပေါင်းပြန်၊ အားသစ်ဖန်၏။

* ရခိုင်ရိုးမ၊ ထိုဒေသမှ
စီးကျတွေတွေ၊ မုန်းချောင်းရေလည်း
ဧရာဝတီ၊ အသင့်ဆီသို့
ဦးတည်၍သာ၊ စီးဝင်လာ၏။

* ကရင် မွန်များ၊ ဗမာများနှင့်
ကယားနေရာ၊ ထိုဒေသာမှ
သွယ်ဖြာစီးဆင်း၊ မြစ်ချောင်းအင်းတို့
မြစ်မင်းဧရာ၊ သင့်ထံလာ၍
ပေါင်းကာစုကာ၊ အားသစ်ဖြာ၏။

* ဧရာဝတီ၊ အို-နဒီငဲ့
သို့သည်စုပေါင်း၊ အားသစ်လောင်း၍
မြစ်ချောင်းစုံစွာ၊ စီးဝင်ပါ၍
သင့်မှာခိုင်ကျည်၊ အားမာန်တည်၍
ကုန်စည်ကူးသန်း၊ ပြည်ငြိမ်းချမ်းအောင်
ရေလမ်းတစ်ခွင်၊ သာမော့ရွှင်အောင်
အသင်စွမ်းဆောင် နိုင်သည်တကား။ ။

မင်းယုဝေ

မဟာတေဇောဓိပတိ သဒ္ဓါစေတနာ တပြုံပြုံ

ရတနာစည်ဆရာတော်(လှိုင်လင်)

ယမန်နေ့မှအဆက်

(ဃ)

နောက်တစ်ရက်ကား ပွဲတော်ကြီးရက်ဖြစ်၏။ ၈-၁၂-၂၀၀၃ (၁၃၆၅ နတ်တော်လပြည့်) မင်္ဂလာရက်မြတ် ဖြစ်ပါသည်။

ယမန်နေ့ကတည်းက ရန်ကုန်မြို့မှ ရောက်ရှိလာကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်ကြီးများသည် ယနေ့နံနက် ၆ နာရီ ၃၆ မိနစ်တွင် မဟာတေဇောဓိပတိစေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်တော်အတွင်း စံပယ်တော်မူလျက်ရှိသည့် ဘဒ္ဒကမ္ဘာပွင့်တော်မူပြီး ဗုဒ္ဓရုပ်ပွားတော် လေးဆူတို့အား ရွှေကြာသင်္ကန်းနှင့် ဆွမ်းကွမ်းအပြည့်အစုံပါရှိသော မြသပိတ်တော်တို့ကို ဆက်ကပ်လှူဒါန်းကြပုံ ဒါနမှတ်တမ်းမှာ ဤသို့ဖြစ်၏။

* အရှေ့ဘက်မုခ် ဗုဒ္ဓရုပ်ပွားတော်အား ဦးဆောင်ဘုရားဒါယကာကြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း။
* တောင်ဘက်မုခ် ဗုဒ္ဓရုပ်ပွားတော်အား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့။
* အနောက်ဘက်မုခ် ဗုဒ္ဓရုပ်ပွားတော်အား အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း။
* မြောက်ဘက်မုခ် ဗုဒ္ဓရုပ်ပွားတော်အား ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း။

ယင်းသို့ ဘုရားဒါယကာများက ဂန္ဓကုဋိတိုက်အတွင်း ဒါနရွှေအက္ခရာများသွန်းထုနေစဉ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ယမန်နေ့က ကြွရောက်တော်မူလာသည့် တာချီလိတ်မြို့ နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသိရီ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ ပါးတို့အား မဟာတေဇောဓိပတိစေတီတော် တောင်မျက်နှာအရပ်ရှိ ဓမ္မာရုံကြီးသို့ ယာဉ်များဖြင့် ပင့်ဆောင်ကာ ထိုမှတစ်ဆင့် စေတီတော် ဂန္ဓကုဋိတိုက်အတွင်း ပင့်ဆောင်ရန် သက်ဆိုင်ရာတို့က စီစဉ်နေကြပါသည်။

နာရီအားဖြင့် ၇ နာရီခွဲခန့်ရှိနေပြီဖြစ်၍ အရှေ့ဘက်၌ နေဝန်းကြီးပေါ်ထွန်းလာပြီဖြစ်ရာ ယင်းနေဝန်းကြီးကို ဖြူလွလွနှင်းပွင့်များက ထူထူထဲထဲဖုံးနေသောကြောင့် နှင်းပွင့်ထဲမှနေဝန်းသည် လဝန်းသဖွယ် ဖြစ်လျက်ရှိလေ၏။ ပုံမှန်အားဖြင့် နေလုံးတက်လာသည်နှင့် ပြင်းစူးသော နေရောင်ခြည်ကြောင့် နေလုံးကို တာရှည်စူးစိုက် ကြည့်ရန် မဖြစ်နိုင်သော်လည်း ယနေ့နံနက်တွင်မူ ဆရာတော် အတော်များများအဖို့ နှင်းပွင့်ထဲဝယ် လဝန်း သဖွယ်ဖြစ်တည်နေသော နေဝန်းကို အချိန်အတော်ကြာကြာ စူးစိုက်ကြည့်နေမိကြပါသည်။

ဤတွင် ဆရာတော်များအကြား စကားဝိုင်းလေးတစ်ခု ဖြစ်ပေါ်လာလေ၏။

"နေဝန်းက လဝန်းကြီးလိုပါလား "

"ဟုတ်ပါ့ဘုရား၊ နှင်းတွေမကွဲမချင်း နေက လဖြစ်နေမှာပဲ"

"ဒါဆိုရင် သတင်းစာထဲမှာပါတဲ့ ရုပ်ရှင်ဇာတ်ကားလို နေကမွေးတဲ့ လပေါ့"

"မဟုတ်ဘူးဘုရာ့ ခုဟာက နေကိုယ်တိုင် လဖြစ်သွားတာပါ။ ဒါကြောင့် လဖြစ်သွားတဲ့နေပါဘုရား "

ဤတွင် အခြားဆရာတော်တစ်ပါးက စကားဝိုင်းထဲဝင်လာ၏။

"ဘာတွေတုန်း၊ နေကမွေးတဲ့လ တို့၊ လဖြစ်သွားတဲ့နေတို့ "

"မှန်ပါ ဟိုအရှေ့ကနေဝန်းကြီးကြည့်ပြီး ပြောနေကြတာပါဘုရား"

"အေး --- ဟုတ်ပါ့၊ နေဝန်းနီမဟုတ်ဘဲ နေဝန်းဝါ ဖြစ်နေတာ အမှန်ပဲ၊

ဒါဟာထူးခြားမှုတစ်ခုဖြစ်လို့ အမှတ်တရ စာဖွဲ့သင့်တယ် "

"မှန်တယ်ဘုရာ့ စာတော့ဖွဲ့သင့်တယ်။ ဒါပေမယ့် ပီပီပြင်ပြင်ဖွဲ့ဖို့တော့ မလွယ်ဘူး။ နေဝန်းရော၊ နှင်းပွင့်ရော၊ တောင်တန်းရော၊ ဘုန်းကြီးတွေရော၊ လူတွေရော၊ ဘုရားပွဲရောဆိုတော့---"

အခြားဆရာတော် တစ်ပါးကဝင်ပြီး စကားဝိုင်းကို နိဂုံးအုပ်လိုက်၏။

"အို---အရှင်ဘုရားတို့ စာဖွဲ့မနေကြပါနဲ့တော့ တကယ်တော့ ဒီနေ့ရဲ့ ဒီပွဲဟာ ညွှန်းစာဖွဲ့လို့မမီပါ ဘုရား "

ရယ်မောသံ ခပ်အုပ်အုပ် ထွက်ပေါ်လာလေ၏။

ယင်းလျှပ်တစ်ပြက် စကားဝိုင်းလေးက ယနေ့ဆရာတော်များသည် သတင်းစာများ ဖတ်တတ်ကြသဖြင့် သတင်းလောကကို ခြုံငုံနိုင်ကြသည်ဟူ၍ ထင်ဟပ်ထား၏။ ယနေ့သတင်းစာများသည် ယနေ့မြန်မာနှင့် ယနေ့ကမ္ဘာကို ပီပြင်စွာ ထင်ဟပ်နိုင်စွမ်းရှိနေသောကြောင့် 'တစ်ရက်မဖတ်ဖြစ် တစ်ခေတ်ထပ်နောက်ကျ' အခြေအနေသို့ရောက်ရှိနေသည် အမှန်ဖြစ်၏။ ယနေ့မြန်မာ၏ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော သတင်းများအပေါ် မေတ္တာဗြဟ္မစိုရ်၊ မုဒိတာဗြဟ္မစိုရ်တို့ကိုလည်းကောင်း၊ ယနေ့ကမ္ဘာ၏ အင်အားသုံးမှုကြောင့် ဖြစ်ပွားနေရသော လူမှုဒုက္ခ သတင်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် တွေ့ကြုံနေရသော လူမှုဒုက္ခသတင်းများအပေါ် ကရုဏာဗြဟ္မစိုရ်ကိုလည်းကောင်း သတင်းစာဖတ်ရင်း ပွားများနိုင်ကြ၏။ ထို့ပြင် သတင်း၏ အရင်းခံအကြောင်းတရားကို ရှာဖွေရင်း ကြောင်းကျိုးဆက် ဒဿနအမြင် ရှင်သန်နိုးကြားကြရ၏။ ထို့မှတစ်ပါး 'ယနေ့မြန်မာသည် မနေ့က မြန်မာမဟုတ်တော့ပေ' ဟူသော အင်အားများ တိုးပွားရ၏။ ယနေ့မြန်မာ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး ဘက်စုံထောင့်စုံ ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်လာသောသတင်း၊ ကိန်းဂဏန်း၊ ဓာတ်ပုံအဖုံဖုံတို့နှင့် သာသနာရေး စည်ပင်ပြန့်ပွားပုံ အဖုံဖုံ တည်းဟူသော သတင်းရနံ့ သင်းပျံ့လေအေး၊ ရှင်သန့်လေအေးများကို အားပါးတရ ရှူရှိုက်ရသောကြောင့် ရင်တွင်းအား၊ ကိုယ်တွင်းအား တိုးပွား သန်မာလာရ၏။ ထို့မှတစ်ပါး စာအုပ်စာပေကြော်ငြာများ၊ ရုပ်ရှင်ဗီဒီယို ကြော်ငြာများစသည့် ကြော်ငြာမျိုးစုံတို့ကို တစ်ထိုင်အတွင်း သိမြင်နိုင်ကာ အဆုံးစွန်ပြောရလျှင် နာရေးကြော်ငြာများက လူ့လောဘ၊ လူ့ဒေါသ၊ လူ့မာန တွေကို ခဝါချပေးလျက်ရှိနေလေ၏။

ထို့ကြောင့် သတင်းစာသည် ' အင်အား' 'ဗြဟ္မစိုရ်' 'သံဝေဂ' သုံးမျိုးကို ဆောင်ကြဉ်းကာ ဖတ်သူ၏ မျက်လုံးမှတစ်ဆင့် နှလုံးသားကို ဖြတ်သန်းသော အလင်းတန်းစစ်စစ် ဖြစ်လေ၏။ ထို့ကြောင့် ဆရာတော်ကြီးများ သတင်းစာဖတ်ကြ၏။ ကြော်ငြာမှ အစသိကြ၏။

သို့ဖြင့် သံဃာပင့်ဆောင်ရေး တာဝန်ခံတို့က သံဃာ ၁၀၈ ပါးကို စေတီတော် ဂန္ဓကုဋိတိုက်တွင်းသို့ ပင့်ဆောင်၍ သံဃာတော်အသီးသီး သီတင်းသုံးပြီးသော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားစလေတော့၏။

(င)

အစီအစဉ်အရ နမောတဿဖြင့် အခမ်းအနားဖွင့်၊ နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေက စောင်းဦးစိုးဝင်းနှင့် တွဲဖက်၍ ထူးမခြားနား သီချင်းခန့်ဖြင့်ပူဇော်၊ ဦးဆောင်ဘုရားဒါယကာကြီး ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့်အမှူးပြုသော ပရိသတ်က သြကာသကန်တော့ချီးဖြင့် ညီညာဖြိုဖြိုကန်တော့ကြပြီး အင်းလေးရွှေဘုံသာဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်၊ ဥပါသကာများက ပရိတ်ပန်း ပရိတ်ရေစသည် ဆက်ကပ်၊ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်မေတ္တာထုံမွမ်း၊ ဥပါသကာများက ပရိတ်ပန်း ပရိတ်ရေစသည်ယူဆောင်၍ စေတီရင်ပြင်၌ ပက်ဖျန်းပြီးသော် ဘုရားဒါယကာများက စေတိယ သမ္ဗုဒ္ဓနှင့် ဒါနဒါတဗ္ဗတို့ကို သာဟတ္ထိက လှူဒါန်းကြသည့် ဒါနမှတ်တမ်းမှာ ဤသို့ဖြစ်၏။

* ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့က စိန်ဖူးတော်၊ အထက်ဌာပနာ၌ သွင်းလှူပူဇော်မည့် ရုပ်ပွားတော်၊ ပရိက္ခရာရှစ်ပါး။
* အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့က ငှက်မြတ်နားတော်၊ ပရိက္ခရာရှစ်ပါး။
* အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့က ကကုသန် ဆင်းတုတော်၊ ငွေပဒေသာပင်တော်၊ ပရိက္ခရာရှစ်ပါး။
* ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဇနီးဒေါ်ခင်နှင်းဝေတို့က ကောဏာဂုံ ဆင်းတုတော်၊ ငွေပဒေသာ ပင်တော်၊ ပရိက္ခရာရှစ်ပါး။
* ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့က ကဿပ ဆင်းတုတော်၊ ငွေပဒေသာပင်တော်၊ ပရိက္ခရာရှစ်ပါး။
* တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီးဒေါ်ဝင်းဝင်းနုတို့က ဂေါတမ ဆင်းတုတော်၊ ငွေပဒေသာ ပင်တော်၊ ပရိက္ခရာရှစ်ပါး။
* ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ပရိက္ခရာရှစ်ပါး။

ယင်းပူဇာကောင်းမှု အစုစုတို့အတွက် ပြည်ဖောတိကာရုံဆရာတော်ကြီးက အနုမောဒနာနှင့် ရေစက်ချတရားချီးမြှင့်ပြီး ပရိသတ်အားလုံးက တစ်ပြိုင်နက် အမျှပေးဝေကြရာ သာဓုခေါ်သံ မိုးနဘံ ညံညံရိုက်ဟည်းသွားလေ၏။

ကုသိုလ်ပူညာ ဖို့ဘာဂ အမျှဝေပြီးသောအခါ ကက(ပ့) ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးက တာဝန်ခံဗိသုကာပညာရှင် ဗိုလ်မှူးထွန်းထွန်းအား လက်ဆောင်ပစ္စည်းပေးအပ်ခြင်း၊ ဗိုလ်မှူးထွန်းထွန်းက ဘုရားဒါယကာများထံ စေတီတော်နှင့် သာသနိကအဆောက်အအုံတို့ကို ပြန်လည်အပ်နှံခြင်း၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သမ္မာဒေဝ နတ်မြတ်များသို့ တောင်းပန်လွှာဖတ်ကြားခြင်းတို့ဖြင့် စေတီတော်တည်ထားကိုးကွယ်ရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ဖွယ် အလုံးစုံကို အကုန်အစင် ဆောင်ရွက်ကြကုန်၏။

ထိုမှနောက်တွင်မူ ဦးဆောင်ဘုရားဒါယကာကြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စိန်ဖူးတော်ကို လည်းကောင်း၊ ဇနီးဒေါ်မြမြစန်းက ငှက်မြတ်နားတော်ကိုလည်းကောင်း ဦးဆောင်၍ပင့်ဆောင်ကြကာ သာသနာ့ အလံကိုင်အဖွဲ့၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များခြံရံလျက် စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်သောအခါ ဒေသခံများအဖို့ တစ်သက်တစ်ကြိမ်ကြုံရခိုက်ဖြစ်၍ တိုးဝှေ့ကြည့်ရှုကြသည်မှာ ရင်ပြင်ကျယ်၌ ခြေတစ်ကွက်စာပင် ကျပ်နေလေ၏။ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေ၏ ဓမ္မပူဇာတေးသံ၊ မင်္ဂလာစည်တော်အဖွဲ့၏ အောင်စည်အောင်မောင်းသံ၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်အဖွဲ့များ၏ ဂါရဝတေးသံ ဓမ္မတေးသံ တေးသံအစုံစုံ သဒ္ဒါရုံအသံလွှင့်ထက်အမြင့် အဇဋ္ဌာ ဝတိံသာစုဠာမဏိ နတ်ဘုံအထိ ပျံတက်သွားယောင်ပါပင်။

အထက်ဌာပနာတော်များသွင်းလှူပူဇော်ခြင်း၊ အရန်စေတီရွှေထီးတော်များတင်လှူပူဇော်ခြင်းတို့နှင့်တကွ နံနက် ၈ နာရီ မိနစ် ၃၀၊ ၂၅ စက္ကန့် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့က ငှက်မြတ်နားတော်ကိုလည်းကောင်း၊ ဆည်းလည်းပဒေသာ ရွှေကြာသင်္ကန်းတော် သာသနာ့ အောင်လံတော်တို့ကိုလည်းကောင်း၊ စိန်ဖူးတော်ကိုလည်းကောင်း တပ်မတော် (လေ) မြလေယာဉ်ထီးတော်တင် အဖွဲ့၏မင်္ဂလာရထားပျံပေါ် သုံးကြိမ်သုံးကျော့ တင်လှူပူဇော်ကြ၍ စေတီတော်ငြမ်းထက်၌ တက်ရောက်နေရာယူထားကြသည့် အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက အစီအစဉ်အတိုင်း စေတီတော်အား ဆက်ကပ်တပ်ဆင် တင်လှူပူဇော်ကြပြီးသော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြခြင်း၊ သာသနာရေးဦးစီးအရာရှိ ဦးသူရက အမျှဝေစာတမ်းဖတ်ကြားခြင်း၊ အခမ်းအနားမှူး ဦးမင်းကြည်က နတ်များကို ပြန်လည်ပို့ဆောင်ခြင်းနှင့် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းခြင်းတို့ဖြင့် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ပြီးမြောက်လေ၏။

ထိုမှတစ်ဆက်တည်း ပင့်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်း၊ ဂန္ဓကုဋိတိုက်အတွင်း၌ ဆွမ်းဆက်ကပ်ခြင်း ပြုပြီးသော် မဟာတေဇောဓိပတိစေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဦးဆောင်ဘုရားဒါယကာကြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရတနာရွှေမိုး ငွေမိုးရွာသွန်းလေ၏။

ရွှေမိုးငွေမိုး စွေစွေဖြိုး ကောင်းကျိုးသီးပွင့် ဝင့်လေပြီ။

(စ)

နိုင်ငံတော်အစိုးရ၏ စေတနာ၊ ဆရာတော် သံဃာတော်တို့၏ မေတ္တာ၊ သာသနာတော်၏ ဘုန်းတေဇာတို့ကြောင့် မြန်မာနှင့်သာသနာ၊ သာသနာနှင့် မြန်မာ ကမ္ဘာတည်သမျှထာဝရ နိစ္စခိုင်ကျည် နေမည်သာ ဖြစ်ပါသတည်း။ ။

ငန်းတို့ပျံသန်းလေရာ ကဗျာစာအုပ်ထုတ်ဝေ

A flight of Swans

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာကဗျာစာဆို ထီလာစစ်သူသည် အိန္ဒိယနိုင်ငံ နိုဘယ်စာပေဆုရ စာဆိုရာဘင် ဒြနသ်တဂိုး၏ ငန်းတို့ပျံသန်းလေရာ ကဗျာရှည် (A flight of Swans Long Poem) ကို မြန်မာဘာသာသို့ ပြန်ဆို ထုတ်ဝေလိုက်သည်။ တိုင်း(မ်) သတင်းစာကြီး စာပေကဏ္ဍတွင် ဤကဗျာရှည်သည် စာဆိုတဂိုး၏ အကောင်းဆုံး လက်ရာများအနက် တစ်ခုဖြစ်သည်ဟု ထောက်ခံချီးကျူးထားသည်။ ကင်းဘရစ်မှ အင်္ဂလိပ်စာပေ ပါမောက္ခဘာစီး(လ်)ဝီလီ အက်ဒ့ပ်က အလွန်ထူးချွန်သူ ပါရမီရှင်လူသား တစ်ဦးကသာလျှင် ဤအလုပ်ကို ဆန္ဒ ပြင်းပြစွာဖြင့် ခံစား၍ လုပ်ဆောင်နိုင်စွမ်း ရှိသည်ဟုဆိုထားသည်။ မြန်မာနိုင်ငံမှ စာရေးဆရာကြီး ပါရဂူနှင့် ဟိန်းလတ်တို့က အမှာစာစာတမ်းငယ်များ ရေးသားပေးထားသည်။ မြန်မာ့ရွှေပြည်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသည်။ (က-ပ)

ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ကျောင်းသား၊ ကျောင်းသူများနှင့် အင်္ဂလိပ်သဒ္ဒါကိုတတ်မြောက်ကျွမ်းကျင်လိုသူများအတွက် ဆရာမ ဒေါ်စံစံသိန်း ရေးသားပြုစုသော အလယ်တန်းအဆင့် ငါး၊ ခြောက်၊ ခုနစ်တန်း အင်္ဂလိပ်သဒ္ဒါ လေ့ကျင့်ခန်း၊ စာပိုဒ်နှင့် ပေးစာရေးသားခြင်း စာအုပ်များကို 'စံ' စာပေ ဖုန်း- ၂၅၂၀၀၃ က မြန်မာတစ်ပြည်လုံးသို့ ထုတ်ဝေ ဖြန့်ချိထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀	၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ဒုတိယနှစ် (အင်္ဂလိပ်စာ) (ခ) တတိယနှစ်(ပထဝီဝင်)
၅:၃၀	၁၀။ ပညာခေတ်
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မောင့်ရွှေနဖားစုံ မယ့်ရွှေနဖူးစာ (အပိုင်း-၂)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လှိုင်ပုန့်သောင်းချမ် (အပိုင်း-၂၆)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ၏ ရာထူးနှင့်အာဏာ ယခုသီတင်းပတ်အတွင်း စိန်ခေါ်မှုနှင့်ရင်ဆိုင်ရမည်

လန်ဒန် ဇန်နဝါရီ ၂၇

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် ယခုသီတင်းပတ်အတွင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ယခင်က တစ်ကြိမ်မှမကြုံခဲ့ဖူးသေးသည့် ၎င်း၏ရာထူးတာဝန်နှင့် အာဏာကို ဆန်းစစ်ခံရတော့မည်ဖြစ်သည်။ လာမည့် အင်္ဂါနေ့တွင် ဗြိတိန်ပါလီမန်၌ တိုနီဘလဲ အဆိုပြုထားသည့် တက္ကသိုလ်စရိတ်တောင်းခံရေးမူကြမ်းကို မဲခွဲရန်ရှိရာ ၎င်း၏ လေဘာပါတီဝင်အချို့က ကန့်ကွက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်လျက်ရှိသည်။

အကယ်၍ အဆိုပါ ဥပဒေမူကြမ်း မဲခွဲရာတွင် တိုနီဘလဲသာ အရေးနိမ့်ခဲ့လျှင် ၎င်းလုပ်ပိုင်ခွင့်အာဏာ လျော့ပါးဖွယ်ရှိသည်။ ထို့အပြင် အစိုးရက အီရတ်လက်နက်များဆိုင်ရာ အစီရင်ခံစာအား ချဲ့ကားရေးသားသည်ဆိုသည့် ဘီဘီစီသတင်းထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး တိုနီဘလဲက ထိုသို့ပြောကြားချက်မှာ ဝန်ကြီးချုပ်ရုံးနှင့် ထောက်လှမ်းရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို တိုက်ခိုက်ခြင်းသာဖြစ်ကြောင်းနှင့် အဆိုပါစွပ်စွဲချက် မှန်ကန်ပါက ၎င်းရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ဖူးသည်။

အဆိုပါသတင်း၏ ဇာတ်ဆောင်အဖြစ် လက်နက်ပါရဂူ ဒေးဗစ်ကယ်လီသည် လူသိရှင်ကြား အမည်ထုတ်ဖော်ခံရပြီးနောက် မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သည်။

အဆိုပါ သေကြောင်းကြံစည်မှုနှင့်ပတ်သက်ပြီး စုံစမ်းရာ၌ တိုနီဘလဲက ၎င်းအနေဖြင့် ကယ်လီ၏ အမည်ကို ထုတ်ဖော်ရန် ခွင့်မပြုခဲ့ကြောင်းဖြေကြားခဲ့သည်။ သို့ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ထိပ်တန်းအရာရှိများကပင် အဆိုပါပြောဆိုချက်ကို မယုံကြည်ကြဘဲ တိုနီဘလဲကိုယ်တိုင် တက်ရောက်သည့် အစည်းအဝေးအပြီးတွင် ကယ်လီ၏အမည်ကို စာနယ်ဇင်းသို့ ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဖြေကြားခဲ့သည်။

ဒေးဗစ်ကယ်လီ သေဆုံးမှုအတွက် ဝန်ကြီးချုပ်တွင် အပြစ်ရှိခဲ့ကြောင်းနှင့် လူထုအများစုက တိုနီဘလဲကို နုတ်ထွက်စေလိုကြောင်း စစ်တမ်းကောက်ယူချက်များအရ သိရသည်။ အကဲခတ်သူများက တိုနီဘလဲအနေဖြင့် အယုံအကြည် ရှိ၊ မရှိ အဆိုကို ပါလီမန်တွင် မဲခွဲဖြေရှင်းရမည်ဖြစ်ကာ နိုင်ငံရေးအရ ထိုးနှက်ချက်များ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အင်န်အိပ်ချ်ကေသတင်းဌာနက ဖော်ပြသည်။ ***အင်န်အိပ်ချ်ကေ။***

ဆန္ဒပြ

ဇန်နဝါရီ၂၇ ရက်က လန်ဒန်မြို့ ပါလီမန် အဆောက်အအုံရှေ့တွင် ပညာရေးဥပဒေကြမ်းနှင့် ပတ်သက်၍ ဆန္ဒပြပွဲ ကျင်းပနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မီးလောင်ကျွမ်း

ဇန်နဝါရီ ၂၇ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ် ဟိုတယ်တစ်ခုတွင် ကားဗုံးပေါက်ကွဲပြီးနောက် မီးလောင်ကျွမ်းနေသည့် မြင်ကွင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အမေရိကန်စစ်ဘက်ယာဉ်တန်း ဘာဂျီမြို့တွင် တိုက်ခိုက်ခံရ

တီကရစ် ဇန်နဝါရီ ၂၇

ဘဂ္ဂဒက်မြို့တွင် ကျယ်လောင်သော ပေါက်ကွဲသံများကို ကြားခဲ့ရပြီး၊ ပေါက်ကွဲမှုများသည် အမေရိကန် ဦးဆောင်သည့်တပ်ဖွဲ့များမှ တာဝန်ရှိသူများနေထိုင်ပြီး အလုပ်လုပ်ကိုင်လျက်ရှိသော အစိမ်းရောင်နယ်မြေနှင့် အရှေ့မြောက်ဘက်တွင် ယမန်နေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ထိခိုက်မှု သတင်းပို့ခြင်း မရှိကြောင်း သိရသည်။ တီကရစ်မြို့ မြောက်ဘက်ရှိ ဘာဂျီမြို့တွင် စစ်ဘက်ယာဉ်တစ်စီးကို စနေနေ့က ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံခဲ့ရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့သည်။ အဆိုပါဖြစ်ရပ်သည် အမေရိကန် တပ်ဖွဲ့ဝင်ငါးဦးနှင့် အီရတ်လေးဦးတို့ သေဆုံးမှုဖြစ်ပွားသည့် တိုက်ခိုက်မှုများဖြစ်ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် အီရတ်အစိုးရ ဖွဲ့စည်းရေးအတွက် နယ်မြေအလိုက် ရွေးကောက်ပွဲကျင်းပရေး အစီအစဉ်ကို ပြောင်းလဲရမည်၊ သို့မဟုတ် ပယ်ဖျက်ရမည်ဆိုသည်ကို အမေရိကန်တို့က စဉ်းစားလျက်ရှိကြောင်း သတင်းများရရှိသည်။ ***စီအင်န်အင်န်။***

အီရတ်နိုင်ငံတွင် သတင်းစာဆရာများ၏ လုံခြုံရေး ကန်တပ်ဖွဲ့များ ဆောင်ရွက်ပေးရန်ပျက်ကွက်

လန်ဒန် ဇန်နဝါရီ ၂၈

အီရတ်နိုင်ငံတွင် သတင်းစာဆရာများ၏ လုံခြုံရေးနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာရှိနေမှု အခြေအနေကို အမေရိကန်စစ်ဘက်က ရင်ဆိုင်ဖြေရှင်းရန် ပျက်ကွက်ကြောင်း၊ ယင်းသို့ လုံခြုံမှု မရှိခြင်းကြောင့် အီရတ်နိုင်ငံရှိ အားလုံးသော မီဒီယာသတင်းဌာနများ အနေဖြင့် ဘေးအန္တရာယ်ကြီးမားစွာ ရှိနေကြောင်း စသဖြင့် ရိုက်တာသတင်းဌာနက ထုတ်ဖော်ပြောကြားလိုက်သည်။

ရိုက်တာသတင်းဌာန၏ အီရတ်နိုင်ငံသား ဝန်ထမ်းသုံးဦးအား ဖမ်းဆီးထားကာ နှိပ်စက်နေမှုအပေါ် တရားဝင် ကန့်ကွက်ချက်အား သင့်လျော်သည့် တုံ့ပြန်မှုရရှိရေးအတွက် ရိုက်တာ သတင်းဌာနအနေဖြင့် စောင့်စားလျက်ရှိကြောင်း နိုင်ငံတကာဆိုင်ရာ စီမံခန့်ခွဲမှုအယ်ဒီတာ ဒေးဗစ်ရှလီဆင်ဂျာက ပြောကြားသည်။ အဆိုပါ ဝန်ထမ်းသုံးဦးသည် ဖော်လူဂျာမြို့အနီးတွင် ဇန်နဝါရီ၂ ရက်က ဖမ်းဆီးကာ ၇၂ နာရီခန့် ထိမ်းသိမ်းခြင်းခံခဲ့ရသည်။

ရိုက်တာသတင်းဌာနမှ ဝန်ထမ်းများ အထိန်းသိမ်းခံခဲ့ရသည့်နေ့တွင် အမေရိကန်စစ်ဘက်ကကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် သတင်းစာဆရာယောင်ဆောင်ထားသည့် ရန်သူ ဝန်ထမ်းများ ဖော်လူဂျာဒေသရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား လက်နက်ဖြင့်ပစ်ခတ်ကြကြောင်း ဖော်ပြထားသည်။ ယင်း ဝန်ထမ်းများအား သုံးရက်ကြာသောအခါ ပြန်လွှတ်ပေးပြီးနောက် အမေရိကန်စစ်ဘက်က ယင်းတိုက်ခိုက်မှုတွင် ဖော်ပြပါ ဝန်ထမ်းများ ပါဝင်ပတ်သက်မှုရှိခဲ့သည့် ယုံကြည်စိတ်ချလောက်ဖွယ်ရာ အထောက်အထားမရှိကြောင်း ပြောကြားခဲ့သည်။

အီရတ်နိုင်ငံရှိ သတင်းစာဆရာများ၏ လုံခြုံရေးမှာ တိုးတက်မှုမရှိကြောင်း၊ ရိုက်တာသတင်းဌာနမှ ဝန်ထမ်းများအား နှိပ်စက်၊ ထိန်းသိမ်းထားမှုနှင့် အမေရိကန်စစ်ဘက်က အလွန်အမင်း စွပ်စွဲဖော်ပြချက်များက အီရတ်နိုင်ငံတစ်ဝန်း လုပ်ငန်းတာဝန် ထမ်းဆောင်နေသည့် သတင်းစာဆရာအားလုံး အတွက် အန္တရာယ်မြင့်မားလာနေကြောင်း ရှလီဆင်ဂျာက ပြောကြားသည်။

ယင်းကိစ္စကို ရင်ဆိုင်ဖြေရှင်းရန် လုံးဝ လိုအပ်နေပြီဖြစ်သည်ဟု မိမိတို့ ထင်မြင်မိကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်ရန်နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးပွဲပြုလုပ်မည့် အခွင့်အရေးကို မိမိတို့ လက်ကမ်းကြိုဆိုပါကြောင်း စသဖြင့် ရှလီဆင်ဂျာက ဆက်လက် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ပွဲအကြောင်းပြ အမြတ်ထုတ်နေမှု အဆုံးသတ်သင့် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်အက်ဒွပ်က ဘုရှ်ကိုဝေဖန်

လာကိုနီးယား (နယူးဟမ်ရှိုင်းယား) ဇန်နဝါရီ ၂၆

အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်အစိုးရအနေဖြင့် အီရတ်စစ်ပွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ အမေရိကန်အောက်လွှတ်တော်အား လမ်းမှားရောက်စေရန် ဦးဆောင်ခဲ့ပါက ယင်းကိစ္စအပေါ် စစ်ဆေးရေးအတွက် လွတ်လပ်သည့်ကော်မရှင် ဖွဲ့စည်းရန်လိုအပ်ကြောင်း၊ ယင်းစစ်ပွဲကိုအကြောင်းပြ အမြတ်ထုတ်နေမှုကိုလည်း အဆုံးသတ်ရေး တောင်းဆိုကြောင်းဖြင့် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းဂျွန်အက်ဒွပ်က စနေနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

မြောက်ကာရိုလိုင်းနားပြည်နယ်မှ အထက်လွှတ်တော်အမတ်ဖြစ်သူ ဂျွန်အက်ဒွပ်က အမေရိကန် လက်နက်ရှာဖွေရေးအဖွဲ့ ခေါင်းဆောင် ဒေးဗစ်ကေ၏ ပြောကြားချက်ကို ဖော်ပြပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။ ဇီဝနှင့် ဓာတုလက်နက်များ အစုအပြုံလိုက် တွေ့ရှိရန်အကြောင်းမရှိဟု ဆိုကာ ဒေးဗစ်ကေက ၎င်း၏အစီရင်ခံစာကို အဆုံးသတ်ရေးခဲ့ပြီး သောကြာနေ့တွင် ရာထူးမှနုတ်ထွက်သွားပြီးနောက် ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယင်းအဖျက်လက်နက်ကိစ္စမှာ စိုးရိမ်ဖွယ်ရာကောင်းသည့် ပြဿနာဖြစ်ကြောင်း၊ ယင်းကြောင့် မိမိတို့အား ယခင်ကပြောကြားခဲ့မှုနှင့် အီရတ်နိုင်ငံတွင် အမှန်တွေ့ကြုံရသည့် ကွာခြားချက်ကို စုံစမ်းစစ်ဆေးရန် လွတ်လပ်သည့်ကော်မရှင် ဖွဲ့စည်းပေးရေး မိမိတိုက်တွန်းရခြင်းဖြစ်ကြောင်း အက်ဒွပ်က သတင်းထောက်များအား ပြောကြားသည်။ အက်ဒွပ်သည် သမ္မတဘုရှ်က အီရတ်စစ်ပွဲဆင်နွှဲမှုတွင် သမ္မတဘုရှ်အား ထောက်ခံခဲ့သည့် အောက်လွှတ်တော် ဆုံးဖြတ်ချက်ကိုပင် ထောက်ခံမဲပေးခဲ့သည်။ ဘုရှ်အစိုးရက ဥပဒေပြုဌာန်းသူများအား လမ်းလွဲရောက်စေရန် ဦးဆောင်ခဲ့သည်ဟု သတင်းထောက်များက မေးမြန်းရာတွင် အက်ဒွပ်ကပြောကြားခဲ့ပြီး ယင်းကြောင့် ယင်းအီရတ်စစ်ပွဲဆင်နွှဲမှု၏ ဇာစ်မြစ်ကိုသိရှိရန် လွတ်လပ်သောကော်မရှင် ဖွဲ့စည်းရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇန်နဝါရီ၂၇ ရက်က ကာဒီဟာမြို့တွင် အမေရိကန်စစ်ယာဉ်တန်းအား တိုက်ခိုက်ပြီးနောက် မီးလောင်ကျွမ်းနေသည့် ကားတစ်စီးအားတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်သူများအား အာဏာလွှဲပြောင်းပေးအပ်ရာတွင် အကူအညီပေးရန် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၈

အီရတ်နိုင်ငံ လုံခြုံရေး အခြေအနေများအရ ကုလသမဂ္ဂဝန်ထမ်းများအား အီရတ်နိုင်ငံမှ ပြောင်းရွှေ့ခဲ့ရပြီးနောက် သုံးလခန့်အကြာတွင် အီရတ်ပြည်သူလူထုအား အာဏာလွှဲပြောင်းပေးအပ်ရာတွင် ကူညီပံ့ပိုးရန်အတွက် ကုလသမဂ္ဂမစ်ရှင်အဖွဲ့တစ်ဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကပါရီတွင် အင်္ဂါနေ့က ပြောကြားလိုက်သည်။

ကြုံတွေ့

ကိုဖီအာနန်က အမေရိကန်ပြည်ထောင်စု၏ မေတ္တာရပ်ခံချက်အား တုံ့ပြန်သည့်အနေဖြင့် ဖော်ပြပါအတိုင်း ဆုံးဖြတ်ချက်ကို ပြောကြားလိုက်ခြင်းဖြစ်သည်။ အမေရိကန် ပြည်ထောင်စုက ဇွန် ၃၀ရက်တွင် အသွင်ကူးပြောင်းရေးကာလ လွှတ်တော်က အစိုးရတစ်ရပ် ရွေးချယ်စေမည့် အစီအစဉ်ကို အီရတ်နိုင်ငံရှိ ရှီးယားအများစုက အပြင်းအထန် ဆန့်ကျင်မှုနှင့် ကြုံတွေ့နေရသည်။

အကဲဖြတ်

အီရတ်နိုင်ငံရှိ အမေရိကန် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာနှင့် အီရတ်အုပ်ချုပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့တို့သည် နယူးယောက်မြို့တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ကိုဖီအာနန်အား တွေ့ဆုံကြပြီး လာမည့်ခြောက်လအတွင်း အီရတ်နိုင်ငံတွင် တိုက်ရိုက်ရွေးချယ်ပွဲများ ကျင်းပရေး အလားအလာများကို အကဲဖြတ်ရန် ကိစ္စအပါအဝင် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂတွင် ပါဝင်ရမည့်ကဏ္ဍကို ဆက်လက်ဖော်ဆောင်ရန် ကိုဖီအာနန်အား တိုက်တွန်းပြောကြားလိုက်သည်။

သြဇာသြောင်း

၂၅ သန်းရှိ အီရတ်ပြည်သူလူထုအား ဖဝရာခိုင်နှုန်းခန့် ကိုယ်စားပြုထားသည့် ရှီးယားမွတ်စလင်များက ဆက်ဒမ်ဟူစိန်လက်အောက်မှ ဆယ်စုနှစ်သုံးစုကြာ ဖိနှိပ်ခံခဲ့ရပြီးနောက် နိုင်ငံရေးသြဇာသြောင်းလာပြီဖြစ်သည်။

သဘောတူ

ကုလသမဂ္ဂက အီရတ်နိုင်ငံသို့ ရွေးကောက်ပွဲများ ကျင်းပရေးအလားအလာအတွက် ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ကာ ရှီးယား ခေါင်းဆောင် စစ္စတာနီက စေ့စပ်ဆွေးနွေးရန် သဘောတူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စေလွှတ်

ကိုဖီအာနန်က ရွေးကောက်ပွဲကျင်းပရေးအလားအလာများနှင့် ပတ်သက်၍ လေ့လာရန် ကုလသမဂ္ဂကျွမ်းကျင်သူများအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ပြီး ကုလသမဂ္ဂဝန်ထမ်းများ အီရတ်တွင် ပြန်လည် သွားရောက်ရန်အတွက် ဘေးကင်းရန်ကင်းရှိ မရှိ ဆုံးဖြတ်ရန် နောက်ထပ် လုံခြုံရေးမှုလေ့လာရေးအဖွဲ့တစ်ဖွဲ့ကို အီရတ်သို့ စေလွှတ်ဦးမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကားဗုံးပေါက်

ဇန်နဝါရီ ၂၈ ရက်က ဘဂ္ဂဒက်မြို့လယ် ကားဗုံးပေါက်ကွဲသည့်နေရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလခွင့်ပြုချက်မရဘဲ စစ်ရေးအရ တိုက်ခိုက်နိုင်ဟု အမေရိကန်၏ပြောကြားချက် နိုင်ငံတကာဥပဒေများကို ချိုးဖောက်ကာ ထင်ရာစိုင်းလုပ်ရပ်အတွက် လမ်းဖွင့်ပေး

ဘာလင် ဇန်နဝါရီ ၂၇

အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂခွင့်ပြုချက်မရဘဲကြိုတင်ကာကွယ်သည့်အနေဖြင့် စစ်ရေးအရတိုက်ခိုက်နိုင်မှုရှိသည်ဟု ပြောကြားချက်ကို ဂျာမနီစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဝပ်ဇိုရက်ဇီအူးက အင်္ဂါနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

လက်ဦးမှု ရယူ၍ စစ်ရေးအရ တိုက်ခိုက်သည့် အမေရိကန် ပြည်ထောင်စု၏ သဘောထားသည် နိုင်ငံတကာ တရားဥပဒေများကို ချိုးဖောက်လျက်ရှိပြီး ဖြစ်စေလိုသည့် ဆန္ဒနှင့် ဆန့်ကျင်ဖီလာလျက်ရှိကြောင်း ဘာလင်မြို့တွင်ကျင်းပသည့် လုံခြုံရေး မူဝါဒဆိုင်ရာ ညီလာခံတစ်ခုတွင် ဝပ်ဇိုရက်ဇီအူးက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက ရန်လိုသည့်တစ်ဖက်သတ် ဆောင်ရွက်ရေးမူဝါဒကို ချမှတ်ကျင့်သုံးနေကြောင်း၊ ယင်းလုပ်ရပ်ကြောင့် ထင်ရာစိုင်းချင်သည့် လုပ်ရပ်အတွက် လမ်းဖွင့်ပေးသလို ဖြစ်လျက်ရှိကြောင်း သူမက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံ၏ အတွေ့အကြုံအရ အမေရိကန်ပြည်ထောင်စု အနေဖြင့် စစ်ရေးအရ အသာစီးစိုးမိုးထားနိုင်မှု ရှိမှုဖြင့် စစ်ပွဲကိုအောင်မြင်ခဲ့ကြောင်း၊ သို့ရာတွင် ငြိမ်းချမ်းမှု ရရှိစေရန် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်က မရှိဖူးခဲ့သည့် အာရပ်အမျိုးသားရေးဝါဒနှင့် အကြမ်းဖက်ဝါဒတို့ ပူးပေါင်းထားသည့်မူဝါဒ ယခုအခါ ပေါ်ထွန်းလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဥရောပလုံခြုံရေးဆိုင်ရာ မူဝါဒသည် စစ်ရေးအရ စွက်ဖက်မှုကို ဖယ်ထားခြင်း မပြုခဲ့ကြောင်း၊ သို့ရာတွင် ယင်းမူဝါဒသည် အရပ်သားများ ပဋိပက္ခကာကွယ်ရေးအပေါ် အဓိကတည်မှီလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုသည် ငွေကုန်ကြေးကျများနေချိန်ဝယ် နိုင်ငံများ ဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးရေးမူဝါဒသည် တန်ဖိုးနည်းပြီး ပိုမို၍ အကြင်နာတရားရှိသည်ကို ပြနေကြောင်းဖြင့် ဇီအူးက ပြောကြားသည်။ **အမ်အင်အေ၊အင်ဟွာ။**

ဇန်နဝါရီ ၂၇ ရက်က အီရတ်နိုင်ငံအလယ်ပိုင်း ခါဒီယာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ကြည့်ရှုနေသည့် အီရတ်ပြည်သူများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၂၇ ရက်က အီရတ်စစ်ပွဲကို ရှုတ်ချကာ ဝန်ကြီးချုပ် တိုနီဘလဲ၏ ပြည်တွင်းရေးရာ လုပ်ဆောင်ချက်များကို ကန့်ကွက်သည့် အနေဖြင့် ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်တွင် စုဝေးဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အဖျက်စွမ်းအားကြီးလက်နက်များ ရှိသည်ဆိုမှု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ် အမေးခံနေရ

ဝါရှင်တန် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ ရှိသည်ဆိုသည့် စွပ်စွဲချက်နှင့် ပတ်သက်သောမေးခွန်းများကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်လည်း အမေးခံနေရကြောင်း သိရှိရသည်။

ကာကွယ်ပြောကြား

ကောလင်းပါဝဲလ်သည် ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် ရောက်ရှိနေပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မနေ့က တွေ့ဆုံကာ အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်သည့် ကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်အစိုးရဘက်မှ ကာကွယ်ပြောကြားခဲ့သည်။

ထင်ရှားပြတ်သား

အီရတ်နိုင်ငံတွင် ၎င်း၏လက်နက်များ ရှိမရှိဆိုသည်ဟုထင်ရှားပြတ်သားသည့်အဖြေကို ရုရှားအစိုးရက သိရှိလိုကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးအိုင်ဂါအီဗန်နော့ဗ်က ပြောကြားလိုက်သည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

ကြေးမုံ The Mirror — အီရတ်စစ်ပွဲ မှတ်တမ်းများ

စစ်ကြောင့် အီရတ်စီးပွားရေး ထိခိုက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ခက်ခဲ

အီရတ်နိုင်ငံ၏ ပြန်လည်ထူထောင်ရေး စရိတ်သည် လာမည့်နှစ်များကာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀၀၀ မှ သန်း ၁၀၀၀၀၀ အထိ ကုန်ကျဖွယ်ရှိသည်ဟု အီရတ်ဆိုင်ရာ အမေရိကန် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ပြောကြားခဲ့သည်။ အီရတ်နိုင်ငံမှ ရေနံကို စစ်မဖြစ်မီအခြေအနေအတိုင်း ပြန်လည်ထုတ်လုပ်ခြင်းမှ ရသောဝင်ငွေသည်ပင်လျှင် သုံးစွဲရမည့်ငွေပမာဏကို ကာမိမည်မဟုတ်ဟု ဆိုသည်။

အမေရိကန်တို့သည် အီရတ်ကိုထိန်းချုပ်ထားနိုင်ခြင်းဖြင့် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးဖြစ်သော ရေနံသိုက်ကြီးကို စိုးပိုင်နိုင်မည်ဟု ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။ သို့ရာတွင် စစ်ပွဲကာလအတွင်း ရေနံလုပ်ငန်းဆိုင်ရာ နေရာဌာနများ ဗုံးထိမှန်ခံခဲ့ရသဖြင့် ရေနံလုပ်ငန်းအပေါ် မှီတည်နေသော အီရတ်နိုင်ငံ၏စီးပွားရေးမှာ ထိခိုက်ပျက်စီးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အခက်ကြုံနေရသည်။

ရှင်းလင်းဆောင်ရွက်

အမေရိကန်တပ်ဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြိုကျပျက်စီးသွားသည့် အီရတ်နိုင်ငံ ရာမာဒီမြို့မှ နေအိမ်အချို့ကို တွေ့မြင်ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စစ်ပွဲကြောင့် အလုပ်လက်မဲ့ ဖြစ်ခဲ့ရသူများ စစ်ပြီးကာလ၌ အလုပ်အကိုင် ပြန်လည် ရရှိရေးအတွက် အ လုပ် လျှောက် လွှာ များ တင်နေစဉ်။

(ဓာတ်ပုံ–ဆင်ဟွာ)

စစ်ကြောင့် အီရတ် ရေနံ လုပ်ငန်း ပျက်စီး

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်မှုကြောင့် အီရတ်နိုင်ငံတွင် ပျက်စီးဆုံးရှုံးခဲ့ရခြင်းများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကုန်ကျစရိတ်များ (ကုလသမဂ္ဂက တာဝန်ယူမည့်လုပ်ငန်းများ – ၂၀၀၇ ခုနှစ်အထိ)

ဒေသန္တရအစိုးရနှင့် အရပ်ဘက်ဆိုင်ရာလုပ်ငန်းများ	ဒေါ်လာ ၃၁၃ သန်း
ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်	ဒေါ်လာ ၇၁၉၀ သန်း
အခြေခံအဆောက်အအုံ	ဒေါ်လာ ၂၄၂၀၄ သန်း
စိုက်ပျိုးရေး၊ ရေအရင်းအမြစ်	ဒေါ်လာ ၃၀၂၇ သန်း
အခြား	ဒေါ်လာ ၈၅၅ သန်း
စုစုပေါင်း	**ဒေါ်လာ ၃၅၅၈၉ သန်း**

မြို့တော်ဘဂ္ဂဒက်တွင်အီရတ်စစ်ပွဲကာလအတွင်းအမေရိကန်၏ဒုံးကျည်များ ထိမှန်ခံခဲ့ရမှုကြောင့် ပျက်စီးခဲ့ရသော ဆက်သွယ်ရေးဌာနချုပ်ရုံးတွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–ဆင်ဟွာ)

ကုလသမဂ္ဂ တာဝန်မယူသော လုပ်ငန်းများအတွက် (အမေရိကန်နှင့် ညွန့်ပေါင်းအုပ်ချုပ်ရေးအဖွဲ့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကုန်ကျစရိတ် ခန့်မှန်းချက်– ၂၀၀၇ ခုနှစ် အထိ)

လုံခြုံရေးနှင့်ရဲတပ်ဖွဲ့	ဒေါ်လာ ၅၀၀၀ သန်း
ရေနံ	ဒေါ်လာ ၈၀၀၀ သန်း
ယဉ်ကျေးမှု၊ သာသနာရေး	ဒေါ်လာ ၁၅၄၀ သန်း
အခြား	ဒေါ်လာ ၄၉၀၀ သန်း
စုစုပေါင်း	ဒေါ်လာ ၁၉၄၄၀ သန်း

ဘဂ္ဂဒက်မြို့ မြောက်ဘက် သုံးမိုင်ခန့်အကွာ အက်စ်ဆာဒါ ကျေးရွာတွင် အီရတ် အမျိုးသမီးကြီးနှစ်ဦးက ၎င်းတို့ ခံစားနေရသော လူမှုဒုက္ခများအကြောင်းကို အမေရိကန် အမှတ်(၄) ခြေလျင်တပ်မမှ တပ်သား တစ်ဦးအား မကျေမနပ်ပြောဆိုနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံမြောက်ပိုင်း ဘေဂျီမြို့အနီးတွင် အီရတ်စစ်ပွဲကာလအတွင်း အမေရိကန်၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးနေသည့် ရေနံပိုက်လိုင်းမှ ရေနံများ ယိုစီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများ



ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော မံဆွောင်းဘောလီကြိုးတံတား တည်ဆောက်မှု မြင်ကွင်းကိုတွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေးကဏ္ဍ		
လက်ဖက်စိုက်ခင်းဧက	–	၃၂၈၀ ဧက
စပါး(လှေကားထစ်)	–	၂၄၄၉၂ ဧက
စပါး(တောင်ယာ)	–	၈၄၆၃၈ ဧက
အစေ့ထုတ်ပြောင်း	–	၈၄၁၈၇ ဧက
သီးထပ်သီးညှပ်	–	၁၃၉၆၄၀ ဧက
ဆီထွက်သီးနှံ	–	၄၀၂၀၀ ဧက
စက်မှုသီးနှံ(ကြံ၊ ပိုးစာ၊ မလိုင်ဝါ)	–	၁၉၂၃ ဧက
နှစ်ရှည်သီးနှံ(ပန်းသီး၊ လိမ္မော်၊ ထောပတ်)	–	၄၂၆၈ ဧက
မွေးမြူရေးကဏ္ဍ		
နွားနောက်	၂၁၅၆၁ ကောင်	၃၄၆၇၅ ကောင်
ကျွဲ	၂၁၅၅၂ ကောင်	၃၆၇၉၀ ကောင်
နွား	၈၀၄၈၀ ကောင်	၁၀၉၉၄၁ ကောင်
သိုး၊ ဆိတ်	၃၄၉၀၉ ကောင်	၅၂၆၁၀ ကောင်
ဝက်	၆၂၄၂၉ ကောင်	၁၇၅၂၆၀ ကောင်
ကြက်	၂၀၀၆၈၉ ကောင်	၁၃၇၁၇၄၄ ကောင်
လမ်းပန်းဆက်သွယ်ရေးကဏ္ဍ		
ကတ္တရာလမ်း	၅၃ မိုင်	၁၁၉ မိုင်
ကျောက်ခင်းလမ်း	၈၆ မိုင်	၃၁၅ မိုင်
မြေသားလမ်း	၆၀၇ မိုင်	၈၅၆ မိုင်
ကလေး–ဟားခါး(၁၁၅မိုင်)	ညအိပ်ခရီး	၉ နာရီခန့်ကြာ
ဂန့်ဂေါ–ဟားခါး(၇၀မိုင် ၄ဖာလုံ)	တစ်ရက်ခရီး	၅ နာရီ
ညောင်ဦး–ပခုက္ကူ–မင်းတပ်လမ်း	တစ်ညအိပ်	၈ နာရီ
ပေ ၁၈၀အထက်တံတား	၁ စင်း	၄ စင်း
ပေ ၁၈၀အောက်ဘေလီတံတား	–	၃၀ စင်း
တည်ဆောက်ဆဲတံတား	–	၁ စင်း (မံဆွောင်းဘောလီကြိုးတံတား) ပေ ၃၆၀(တီးတိန်မြို့နယ်)

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုစာတပ်ပုံမှတ်တမ်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ဆက်သွယ်ရေးကဏ္ဍ		
မိုက္ကရိုဝေ့ဗ်စခန်း	–	၅ ခု
ဂြိုဟ်တုစခန်း	–	၂ ခု
တယ်လီဖုန်း	–	၂၁၂၉ လုံး
အော်တိုတယ်လီဖုန်းအိတ်ချိန်း	–	၁ ခု
အိတ်ချိန်း	–	၉ ခု
ကျေးလက်တယ်လီဖုန်း	–	၉ ခု
စာတိုက်	၁၀ ခု	၄၃ ခု
ကြေးနန်းရုံး	၁၀ ခု	၁၇ ခု
လက်လှည့်အိတ်ချိန်း	၈ ခု	၂၀ ခု
လျှပ်စစ်စွမ်းအားကဏ္ဍ		
ရေအားလျှပ်စစ်စက်ရုံ	၆ ရုံ	၁၄ ရုံ
ဒီဇယ်အင်ဂျင်စက်	၁၃ လုံး	၂၆ လုံး
ပညာရေးကဏ္ဍ(အခြေခံပညာ)		
မူလတန်းကျောင်း	၉၉၈ ကျောင်း	၁၁၆၇ ကျောင်း
အလယ်တန်းကျောင်း	၇၆ ကျောင်း	၈၃ ကျောင်း
အထက်တန်းကျောင်း	၁၇ ကျောင်း	၂၆ ကျောင်း
မူလတန်းလွန်ကျောင်း	–	၁၉၄ ကျောင်း

ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် တည်ဆောက်ပေးထားသော ချင်းပြည်နယ် ဟားခါးမြို့မှ ဝမ္မသူးမောင် အားကစားကွင်း။

ချင်းပြည်နယ် ဟားခါးမြို့မှ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသည် ပြည်သူတို့၏ နား၊ မျက်စိများကိုဖွင့်ပေးရာ မီဒီယာတစ်ခုဖြစ်သည်။



လက်ဖက်ပင်များ ပြုစုပျိုးထောင် စိုက်ပျိုးလျက်ရှိသော ဟားခါးမြို့နယ်မှ သီမစ်လက်ဖက်စိုက်ခင်း။



ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပညာရေးကဏ္ဍ(အဆင့်မြင့်ပညာ)		
တက္ကသိုလ်/ကောလိပ်	–	၃ ခု (ကလေးတက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်)
ကျန်းမာရေးကဏ္ဍ		
ပြည်နယ်ဆေးရုံ(ခုတင်–၁၀၀ဆံ့)	–	၁ ခု
ခရိုင်ဆေးရုံ	–	၂ ခု
မြို့နယ်ဆေးရုံ	–	၆ ခု
မြို့နယ်ခွဲတိုက်နယ်ဆေးရုံ	–	၃ ခု
တိုက်နယ်ဆေးရုံ	–	၁၀ ခု
ကျေးလက်ကျန်းမာရေးဌာန	–	၆၀ ခု
ကျေးလက်ကျန်းမာရေးဌာနခွဲ	–	၂၄၁ ခု
ပြန်ကြားရေး		
၁၀–ဝပ်ရုပ်သံလွှင့်ထပ်ဆင့်လွှင့်စက်ရုံ	–	၄ ခု
ရုပ်သံထပ်ဆင့်လွှင့်အဆောက်အအုံ	–	၁ ခု
ရုပ်သံလွှင့်စက်	–	၁ ခု

တိုင်းရင်းသားများအကြား နယ်ချဲ့တို့၏ သွေး

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

နယ်ချဲ့ ဆန့်ကျင်ရေး ကချင်တိုင်းရင်းသားတို့ အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်ခြင်းကိုခံရသည့် နယ်ချဲ့ဗြိတိသျှတို့၏ ဆမားခံတပ်။ (ယင်းခံတပ်တွင် ဗြိတိသျှ ကပ္ပတိန်မော်တွန် ကျဆုံးသဖြင့် ဖို့မော်တွန်ဟု တွင်ခဲ့သည်။)

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။ မြန်မာတိုင်းရင်းသားတို့သည် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ကြည်ရင်းနှီးမှု၊ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်နားလည်မှုတို့ဖြင့် အေးအတူ ပူအမျှ လက်တွဲနေထိုင်လာခဲ့ကြသူများဖြစ်သည်။

နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲကာ မတရားသိမ်းပိုက်ခဲ့ကြသော်လည်း နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားတို့သည် ရရာလက်နက်စွဲကိုင်ကာ နယ်ချဲ့ဗြိတိသျှတို့ကို ၁၀ နှစ်တိုင်တိုင် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

မြန်မာတိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်းကောင်း၊ စည်းလုံးညီညွတ်မှုကိုလည်းကောင်း နယ်ချဲ့ဗြိတိသျှတို့ မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ မြန်မာနိုင်ငံအား ကျွန်သက်ရှည်စွာ ခြယ်လှယ်နိုင်ရေးအတွက် စီမံကိန်းအမျိုးမျိုးကို ချမှတ်ဆောင်ရွက်ခဲ့သည်။ နောက်ဆုံးတွင် ဗြိတိသျှတို့သည် ၎င်းတို့အား ဆန့်ကျင်တွန်းလှန်မှု မပြုနိုင်ရန်အတွက် တိုင်းရင်းသားအချင်းချင်း တစ်ဦးအပေါ်တစ်ဦး သံသယပွားများအောင် သွေးခွဲအုပ်ချုပ်လာတော့သည်။

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမျိုးရေးတို့တွင် နည်းမျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့သည်။ နိုင်ငံရေးတွင် နယ်မြေဒေသအလိုက် မတူကွဲပြားသော အုပ်ချုပ်ရေးစနစ်သစ်များချမှတ်ခြင်း၊ လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပေါ်အောင် ဖန်တီးခြင်းတို့ဖြင့် သွေးကွဲအောင်လုပ်ကြံခဲ့ကြသည်။

လူမှုရေးပိုင်းတွင် တိုင်းတစ်ပါးသားများကို မြန်မာနိုင်ငံအတွင်းသို့ ခေါ်သွင်းကာ တိုင်းတစ်ပါးသားနှင့် မြန်မာတိုင်းရင်းသားများအကြား ပဋိပက္ခများ ဖြစ်ပေါ်စေခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့သည် ၎င်းတို့၏ အကျိုးစီးပွားကိုသာကြည့်ပြီး မြန်မာတို့၏ ထုံးတမ်းစဉ်လာများကို ချိုးဖောက်ဖျက်ဆီးကာ အနောက်တိုင်းယဉ်ကျေးမှုဓလေ့များကို သွတ်သွင်းခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံကို ပြည်မနှင့်တောင်တန်းဟူ၍ ဒေသနှစ်ခုခွဲကာ အုပ်ချုပ်ခဲ့သည်။ ယင်းသို့ အုပ်ချုပ်ရာတွင် ရခိုင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသ၊ ဟူးကောင်းတောင်ကြားဒေသ၊ သံလွင်ခရိုင်ဟူ၍ ခွဲခြားခဲ့ပြီး ရှမ်းပြည်နယ်ကိုလည်း ပြည်ထောင်စုအဖွဲ့ဝင် ပဒေသရာဇ် ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုအဖွဲ့ဝင်မဟုတ်သော ရှမ်းပြည်နယ်ဟူ၍ ထပ်မံခွဲခြားခဲ့ပြန်သည်။

တစ်ဖန် ထိုဒေသနှစ်ခုတို့အကြားတွင် မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင် မြေပြန့်ဒေသများ၊ အထက်ချင်းတွင်းခရိုင်မှ ဟုမ္မလင်းနှင့် မော်လိုက်နယ်များ၊ ကော့ကရိတ်နှင့် မြဝတီနယ်များ၊ သထုံအရှေ့ဘက် ကရင်တောင်တန်းနယ်များကို ကြားဒေသအဖြစ် ခွဲခြားအုပ်ချုပ်ခဲ့သည်။

ဗြိတိသျှတို့သည် ရှမ်းပြည်နယ်ကို အခြားဒေသများနှင့်မတူဘဲ တစ်သီးတစ်ခြား သတ်မှတ်ကာ လက်ရှိကျင့်သုံးနေသည့် အစဉ်အလာ ပဒေသရာဇ်စနစ်ကိုပင် ဆက်လက် ကျင့်သုံးစေခဲ့သည်။

နယ်ချဲ့ဗြိတိသျှသည် ရှမ်းပြ
လူနေ နည်းပါး၍ သွားလာမှုခ
ဒေသကိုလည်း သွေးခွဲအုပ်ချုပ်ခဲ့
တို့သည် မြန်မာနိုင်ငံအား နယ်
သိမ်းပိုက်ခြင်းကို အခြားတိုင်းရင်
အပြင်းအထန် ခုခံတွန်းလှန်ခဲ့သူများ
ဗြိတိသျှတို့သည် ကချင်ပြည်နယ်
မထူထောင်နိုင်ဘဲ ကချင်တိုင်းရင်း
ကို ရင်ဆိုင်ဖြေရှင်းခဲ့ရသဖြင့် က
အုပ်ချုပ်ရန် တိကျသော အုပ်ချုပ်
ခုနှစ်ကျမှ ချမှတ်နိုင်ခဲ့သည်။ ထိုသို့
ကချင်တိုင်းရင်းသားများအတွက်သာ
ဖြစ်ကြောင်း အတိအလင်းဖော်ပြ
တောင်တန်းဒေသတွင် နေထိုင်ကြ
များသည် ထိုဥပဒေတွင် အကျုံ

တစ်ဖန် ချင်းတောင်တန်း
ဥပဒေကိုလည်း ၁၈၉၆ ခုနှစ်ကျမှ ပြ
အကဲများသည် သေးငယ်သော အမှု
နှင့် အခွန်ကောက်ခံမှု တာဝန်မှ
သည်။

ဘော်လခဲ၊ ကြယ်ဘိုးကြီး၊ နော
ဇန်နဝါရီလတွင် အိန္ဒိယအစိုးရ၏
သတ်မှတ်ခဲ့သည်။ ထိုဒေသ အကြီ
တွင် ဗြိတိသျှအရာရှိ၏ ညွှန်ကြာ
တို့၏ သဘောတူညီမှုမရှိဘဲ အခြာ
မပြုရချေ။ အမှုထမ်းများ ခန့်
အရာရှိ၏ သဘောတူညီချက်ဖြင့်

နယ်ချဲ့ဗြိတိသျှတို့သည် ကရင်
တိုင်းရင်းသားများ အချင်းချင်း
ဖန်တီးခဲ့သည်။ အေးချမ်းစွာ
တိုင်းရင်းသားများသည် အခြား
နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် ညီ
ရင်းနှီးစွာနေလာခဲ့ကြသည်။ သို့
ပုလိပ်အကူတပ်တစ်ခုကို ဗြိတိသျှတို့
သာ ဖွဲ့စည်းခဲ့သည်။ အောက်မြန်
နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ
အကူတပ်ကို အသုံးချခြင်းဖြင့် အိမ်
ခွပ်စေသည့် နည်းပရိယာယ်ကို

မြန်မာနိုင်ငံကို ကိုလိုနီယန္တရ
သား စည်းလုံးညီညွတ်မှု ဖြိုခွင်း
အားဖြင့် သွေးခွဲအုပ်ချုပ်ရေး(Div
ချမှတ်ပြီး အစွမ်းကုန် သွေးခွဲသ

မြေပြန့်ဒေသ အုပ်ချုပ်ရေးနှ
အခြားတောင်တန်းဒေသများအုပ်ချ
ချုပ်ရေးကို မတူကွဲပြားစွာ ပိုင်းခြ
သည်။ နယ်စပ်ဒေသမှ သွေးချ
ခေတ်ဟောင်းပုံစံဖြင့် ကန့်သတ်ခွဲ
တန်းဒေသမှာပင် အုပ်ချုပ်ရေးပုံစံ
တိုင်းရင်းသားချင်း အနေဝေးစေ

တွန်းလှန်တိုက်ပွဲဝင်

ကျူးကျော်စစ် ဆင်နွှဲလာသော နယ်ချဲ့ဗြိတိသျှတို့အား မြန်မာတိုင်းရင်းသားများက သူ့ကျွန်မခံ တွန်းလှန်တိုက်ခိုက်ခဲ့ကြစဉ်။

...တို့၏ သွေးခွဲမှုများ

...င်းပါး

စိုးငြိမ်းစံ

နယ်ချဲ့ဗြိတိသျှသည် ရှမ်းပြည်နယ်တစ်ခုတည်းကိုသာမက လူနေ နည်းပါး၍ သွားလာမှုခက်ခဲသော ကချင်တောင်တန်းဒေသကိုလည်း သွေးခွဲအုပ်ချုပ်ခဲ့သည်။ ကချင်တိုင်းရင်းသားတို့သည် မြန်မာနိုင်ငံအား နယ်ချဲ့ဗြိတိသျှများ ကျူးကျော်သိမ်းပိုက်ခြင်းကို အခြားတိုင်းရင်းသား သွေးချင်းများနည်းတူ အပြင်းအထန် ခုခံတွန်းလှန်ခဲ့သူများဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့ဗြိတိသျှတို့သည် ကချင်ပြည်နယ် အုပ်ချုပ်ရေးကို ချက်ချင်းမထူထောင်နိုင်ဘဲ ကချင်တိုင်းရင်းသားတို့၏ ဆန့်ကျင်တွန်းလှန်မှုကို ရင်ဆိုင်ဖြေရှင်းခဲ့ရသဖြင့် ကချင်တောင်တန်းဒေသများကို အုပ်ချုပ်ရန် တိကျသော အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကို ၁၈၉၅ ခုနှစ်ကျမှ ချမှတ်နိုင်ခဲ့သည်။ ထိုသို့ ချမှတ်ခဲ့သော ဥပဒေမှာလည်း ကချင်တိုင်းရင်းသားများအတွက်သာ သီးသန့်ချမှတ်သော ဥပဒေဖြစ်ကြောင်း အတိအလင်းဖော်ပြခဲ့သည်။ ထို့ကြောင့် ကချင်တောင်တန်းဒေသတွင် နေထိုင်ကြသည့် အခြားတိုင်းရင်းသားများသည် ထိုဥပဒေတွင် အကျုံးမဝင်ခဲ့ပေ။

တစ်ဖန် ချင်းတောင်တန်းဒေသ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကိုလည်း ၁၈၉၆ ခုနှစ်ကျမှ ပြဋ္ဌာန်းနိုင်ခဲ့သည်။ ရပ်ရွာအကြီးအကဲများသည် သေးငယ်သော အမှုအခင်းများကိုသာ စီရင်ပိုင်ခွင့်နှင့် အခွန်ကောက်ခံမှု တာဝန်များကိုသာ ဆောင်ရွက်ခဲ့ကြရသည်။

ဘော်လခဲ၊ ကြယ်ဘိုးကြီး၊ နောင်ပုလဲ၊ နမ့်မဲခုံတို့ကို ၁၈၉၂ ခုနှစ် ဇန်နဝါရီလတွင် အိန္ဒိယအစိုးရ၏ လက်အောက်ခံ ဒေသများအဖြစ် သတ်မှတ်ခဲ့သည်။ ထိုဒေသ အကြီးအကဲများသည် အုပ်ချုပ်ရေးတွင် ဗြိတိသျှအရာရှိ၏ ညွှန်ကြားမှုကို ခံယူရသည်။ ဗြိတိသျှတို့၏ သဘောတူညီမှုမရှိဘဲ အခြားနယ်များနှင့် အဆက်အသွယ်မပြုရချေ။ အမှုထမ်းများ ခန့်ထားရာတွင်လည်း ဗြိတိသျှအရာရှိ၏ သဘောတူညီချက်ဖြင့်သာ ခန့်အပ်နိုင်သည်။

နယ်ချဲ့ဗြိတိသျှတို့သည် ကရင်တိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားများ အချင်းချင်း သွေးကွဲစေရန် တစ်မျိုးတစ်ဖုံ ဖန်တီးခဲ့သည်။ အေးချမ်းစွာ နေထိုင်တတ်ကြသည့် ကရင်တိုင်းရင်းသားများသည် အခြားတိုင်းရင်းသားအားလုံးနှင့်အတူ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် ညီရင်းအစ်ကိုတမျှ ချစ်ကြည်ရင်းနှီးစွာနေလာခဲ့ကြသည်။ သို့သော် ၁၈၈၅-၈၆ ခုနှစ်တွင် ပုလိပ်အကူတပ်တစ်ခုကို ဗြိတိသျှတို့က ကရင်တိုင်းရင်းသားများဖြင့်သာ ဖွဲ့စည်းခဲ့သည်။ အောက်မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကို နှိမ်နင်းရာတွင် ယင်းပုလိပ်အကူတပ်ကို အသုံးချခြင်းဖြင့် အိမ်ကြက်ချင်း အိုးမဲသုတ်ပေးပြီး ခွပ်စေသည့် နည်းပရိယာယ်ကို ကျင့်သုံးခဲ့သည်။



မြန်မာနိုင်ငံကို ကိုလိုနီယန္တရားဖြင့် အုပ်ချုပ်ရာ၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ဖြိုခွင်းရေး မဟာဗျူဟာ၊ တစ်နည်းအားဖြင့် သွေးခွဲအုပ်ချုပ်ရေး(Divide and Rule Policy)မူဝါဒ ချမှတ်ပြီး အစွမ်းကုန် သွေးခွဲသပ်လျှိုခဲ့သည်။

မြေပြန့်ဒေသ အုပ်ချုပ်ရေးနှင့် ရှမ်းပြည်နယ် အုပ်ချုပ်ရေး၊ အခြားတောင်တန်းဒေသများအုပ်ချုပ်ရေး၊ နယ်စပ်ဒေသ အုပ်ချုပ်ရေးကို မတူကွဲပြားစွာ ပိုင်းခြားကန့်သတ်ချမှတ်အုပ်ချုပ်ခဲ့သည်။ နယ်စပ်ဒေသမှ သွေးချင်းများအား သမိုင်းဦးကာလခေတ်ဟောင်းပုံစံဖြင့် ကန့်သတ်ခွဲခြားထားသည်။ ချင်းတောင်တန်းဒေသမှာပင် အုပ်ချုပ်ရေးပုံစံအမျိုးမျိုး ခွဲခြားထားခဲ့သည်။ တိုင်းရင်းသားချင်း အနေဝေးစေရန် သူစိမ်းတစ်ရံ ဆန်နေစေ

နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ဒိုင်ဖာဒူဝါ

ကချင်တိုင်းရင်းသား နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ဒိုင်ဖာဒူဝါအား (၂၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက် စဉ်က တွေ့ရစဉ်။

ရန်နှင့် ချစ်ကြည်ရင်းနှီးမှုမရှိစေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ၁၈၈၅-၁၉၀၀ကာလ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲများ ဆင်နွှဲခဲ့သည့် မြန်မာတိုင်းရင်းသားများ၏ အရေးကြီးက သွေးစည်းကြသည့် အစဉ်အလာကို နယ်ချဲ့အုပ်ချုပ်ရေးအာဏာစက်ဖြင့် ဖြိုဖျက်ရန် အားထုတ်မှုပင်ဖြစ်သည်။ ထိုအနေအထားကို ကောက်ချက်ချကြည့်လျှင် "မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုနှင့် အရေးကြီးလျှင် သွေးနီးမှု"ကို နယ်ချဲ့တို့ ကြောက်ဒူးတုန်ခဲ့သည်ဟု အဖြေထွက်ပေသည်။

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အစိုးရအက်ဥပဒေအရ ရွေးကောက်တင်မြှောက်သည့် အစိုးရကို ပြည်မ(မြေပြန့်ဒေသ၊ ယခု စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်၊ တနင်္သာရီ)ကို အုပ်ချုပ်ခွင့်ပေးခဲ့သည်။ သို့သော် တောင်တန်းဒေသတိုင်းရင်းသားများမှာ နိုင်ငံရေးအရ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးဟု အကြောင်းပြကာ တောင်တန်းဒေသမှန်သမျှကို ဗြိတိသျှဘုရင်ခံကိုယ်တိုင် အုပ်ချုပ်ခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံတော်ကို တောင်တန်းဒေသနှင့် ပြည်မဟူ၍ နှစ်ခြမ်းခွဲပစ်လိုသည့် ဗြိတိသျှတို့ အကြံဆိုးပေတည်း။

မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်စဉ်က စုစည်းပြီးသော နိုင်ငံတော်ကြီးအဖြစ်(အလောင်းမင်းတရားကြီး စုစည်းခဲ့သော တတိယမြန်မာနိုင်ငံတော် နယ်နိမိတ်အတိုင်း) ကျူးကျော်သိမ်းပိုက်ခဲ့ခြင်းဖြစ်သော်လည်း ဗြိတိသျှတို့ လက်ထက်ရောက်မှ နိုင်ငံတော်ကို အပိုင်းပိုင်း အတစ်တစ် ခွဲစိတ်ပိုင်းခြားပစ်ရန် လုပ်ဆောင်လာခြင်းဖြစ်ပေသည်။ ဘာသာရေးအရ၊ လူမျိုးရေးအရ၊ ပထဝီအရ၊ နိုင်ငံရေးအရ သွေးခွဲရာတွင် ရှေးယခင်မှသည် ယနေ့ခေတ်ဆီအထိ ကျွမ်းကျင်လှသော ကိုလိုနီလက်ဟောင်းလက်သစ်တို့၏ စရိုက်လက္ခဏာတစ်ခုဖြစ်သည်။

အကယ်၍ မြန်မာနိုင်ငံအား (လွတ်လပ်ရေးကြိုးပမ်းမှု ခွန်အားကြောင့်) လွတ်လပ်ရေးပေးရတော့မည်ဆိုလျှင်ပင် ပြည်မကိုသာ ကွက်ပေးမည်။ တောင်တန်းဒေသများကို ဗြိတိသျှကိုလိုနီအဖြစ် ဆက်လက်ထားရှိမည်ဟု ကြံရွယ်ပြင်ဆင်ထားသည့် နယ်ချဲ့တို့၏ နိုင်ငံရေးပရိယာယ်ဖြင့် မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို သပ်လျှိုသွေးခွဲရန် လုပ်ကြံဖန်တီးခဲ့သည်မှာ သိသာထင်ရှားလှပေသည်။

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမျိုးရေးတို့တွင် နည်းမျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့သည်။ နိုင်ငံရေးတွင် နယ်မြေဒေသအလိုက် မတူကွဲပြားသော အုပ်ချုပ်ရေး စနစ်သစ်များချမှတ်ခြင်း၊ လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပေါ်အောင် ဖန်တီးခြင်းတို့ဖြင့် သွေးကွဲအောင် လုပ်ကြံခဲ့ကြသည်။ သို့သော် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသည့် မြန်မာတိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကား သတ်၍မသေသော ပြည်ထောင်စု၏ အမြုတေဖြစ်သည်။

မျိုးချစ် တိုင်းရင်းသားများ

ပြည်ထောင်စု စိတ်ဓာတ်ဖြင့် နယ်ချဲ့ဗြိတိသျှတို့ကို ဆန့်ကျင် တွန်းလှန် တိုက်ခိုက်ခဲ့ကြသော ချင်းတိုင်းရင်းသား ခေါင်းဆောင်များ။

သို့သော် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသည့် မြန်မာတိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကား သတ်၍မသေသော ပြည်ထောင်စု၏ အမြုတေဖြစ်ပေသည်။

ထို့ကြောင့် တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စု၏ အမြုတေဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် ရင့်ကျက်ခိုင်မာအောင် ကြိုးပမ်းနိုင်မှသာ မြန်မာနိုင်ငံအပေါ် ယနေ့ကာလတိုင် သွေးခွဲသပ်လျှိုမှုများ၊ မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများ လုပ်ဆောင်နေသည့် ကိုလိုနီနယ်ချဲ့တို့၏ လုပ်ရပ်ကို ဖယ်ရှားကျော်ဖြတ်နိုင်မည်ဖြစ်ပေသည်။ ။

မင်္ဂလာဘွဲ့ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ယဉ်ကျေးမှု မင်္ဂလာတရားတော်ပြန့်ပွားရေးအသင်းကြီးနှင့် ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့ ပူးပေါင်း၍ မင်္ဂလာဘွဲ့ ဂုဏ်ပြုပူဇော်ပွဲနှင့် ယဉ်ကျေးမှုမင်္ဂလာ ဆုနှင်းပွဲကို ဖေဖော်ဝါရီ ၄ရက်တွင် ပရိယတ္တိမဓမ္မာရုံစံကျောင်းတော်၌ ကျင်းပမည်ဟုသိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ်- ၂၀၀၄ပြပွဲ နဝမနေ့ ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၉

တတိယအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ နဝမနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပသည်။

ယင်းပြပွဲသို့ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ပြည်သူများ IT ပညာကို စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြရာ အထူးစည်ကားလှသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၅နာရီ ၁၅မိနစ်တွင် MICT Park သို့ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ MICTDC ဒါရိုက်တာ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် Forever Group ၏ MM Box ပြခန်းနှင့် Myanmar e-Book ပြခန်းအတွင်း လှည့်လည်ကြည့်ရှုရာ Forever Group မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမော်က လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြခန်းကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများကလည်းကောင်း၊ Forever Group ၏ Multi Media Software Development ပြခန်းကို လှည့်လည်ကြည့်ရှုရာ မန်နေးဂျင်းဒါရိုက်တာဦးဝင်းမော်ကလည်းကောင်း၊ MCCပြခန်းကို လှည့်လည်ကြည့်ရှုရာ MCCအမှုဆောင်အရာရှိချုပ် ဦးတင်ဝင်းအောင်ကလည်းကောင်း၊Cytron Computing ပြခန်းရှိ Bagan @ A Galance C.D Romနှင့် စပ်လျဉ်း၍ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွန်းဖေက လည်းကောင်း၊ Bagan Cybertech ပြခန်းကို လှည့်လည်ကြည့်ရှုရာ ဒါရိုက်တာ ဦးကျော်ကျော်မိုးက လည်းကောင်း လိုက်လံ ရှင်းလင်းပြသကြပြီး ဝန်ကြီးသည် အခြားပြခန်းများကိုလည်း လှည့်လည်ကြည့်ရှုကာ ည ၆နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။

ပြပွဲတွင် ကုမ္ပဏီများက ပြခန်းများခင်းကျင်းပြသ ရောင်းချလျက်ရှိရာ Myanmar Online (MODINS) WebSolutions ပြခန်းမှ အင်တာနက်ပေါ်သို့ စီးပွားရေးလုပ်ငန်းနှင့် သတင်းအချက်အလက်များ Websiteရေးသားပေးခြင်း၊ Domain Name ရယူပေးခြင်း၊ e-Commerce Website ရေးသားပေးခြင်း၊ i Card အသုံးပြု၍ ရောင်းဝယ်လိုသော ကုန်ပစ္စည်းများ မိမိနေအိမ်မှ ရောင်းဝယ်နိုင်ပြီး ခေတ်မီလုံခြုံစိတ်ချရပြီး တုပမပျက်စီးနိုင်သော ဝန်ထမ်းကတ်များ၊ ဝန်ထမ်း လစာပေး Software များနှင့် ခေတ်မီဆန်းပြားသော Valentine Card များကို ရောင်းချပေးလျက် ရှိသည့်အပြင် အင်တာနက်နည်းပညာ သင်ကြားလိုသူများအတွက် အခြေခံမှ Webmaster ထိ သင်တန်းများ၊ Internet & ICT သင်တန်းများ၊ IT & SME သင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။

VCT Group မှ Personal Computer (Tower/ Sum/ Desktop- Type) များနှင့် Networking နှင့် နီးနွှယ်သော Server/ Workstation များနှင့်Slim Type Personal Computer များကို စတင်တင်သွင်းရောင်းချလျက်ရှိသည်။

High Point Sales Center ပြခန်းတွင် IT နည်းပညာနှင့် ဆက်စပ်သောပစ္စည်းများ၊ Canon Printers၊ Scannersနှင့် Projector တို့ကိုပြသထားပြီး Printer များနှင့် ပတ်သက်၍ Cartridge များ၊ လေဆာ Toner များကို ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ပြပွဲကို ရက်တိုးမြှင့်၍ ဇန်နဝါရီ ၃၁ရက် (စနေနေ့)အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ပြည်သူများအား အခမဲ့ ဖွင့်လှစ်ပြသထားပြီး ပြပွဲလာပြည်သူများသွားလာမှု လွယ်ကူစေရန် လွန်းပြန်ယာဉ်များကို အခမဲ့ ပြေးဆွဲပေးလျက်ရှိသည်။(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တတိယအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ပြပွဲတွင် ပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

VISION CITY ဆိုင်သစ်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၉

A.P Business Group ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော Vision City Eye Care Centre၏ ဆိုင်သစ်ဖွင့်ပွဲကို ရွှေဘုံသာအပေါ်လမ်းတွင် တိုးချဲ့ဖွင့်လှစ်လိုက်သည်။ ယခုဆိုင်သစ်ကို Vision City ၏ အခြေခံများဖြစ်သော ပစ္စည်းအပေါ် တာဝန်ယူမှု (Responsibility)၊ အရည်အသွေးမှန်ကန်မှု (Right Quality)၊ တိကျမှု (Accuracy)၊ ယုံကြည်အားကိုးမှု (Relibility)၊ မြန်မြန်ဆောင်ရွက်ပေးမှု (Urgency)၊ ဝန်ထမ်းများ၏ ဖော်ရွေဆက်ဆံမှု (Social Dealing)များအပေါ် အဓိကထား၍ ကမ္ဘာကျော် မျက်မှန်ကိုင်းများကို ဝယ်ယူသူစိတ်တိုင်းကျ (Satisfaction) စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဈေးနှုန်းများအပေါ် ဝယ်ယူသူများ ယုံကြည်မှုရှိစေရန် သတ်မှတ်ဈေးနှုန်းစနစ် (Fixed Prize)ဖြင့် ရောင်းချပေးလျက်ရှိသည်။ Vision City၏ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် (ပုံမှန်ရောင်းဈေး၏ အမှန်တကယ် ၂၅ရာခိုင်နှုန်းလျှော့ဈေး)ဖြင့် ဖေဖော်ဝါရီလကုန်အထိရောင်းချပေးမည် ဖြစ်ကြောင်းသိရသည်။ **(ဝဲပုံ)** (က-ပ)

ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းတွင် စက်ချုပ်သက်မွေးပညာ သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လူမှုဝန်ထမ်း)

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဇန်နဝါရီ ၂၆ရက် မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းဧည့်ခန်းမ၌ ဝန်ကြီးအား အမျိုးသမီးကလေးများသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်မြင့်မြင့်လှိုင်နှင့် ကမ္ဘာအေး လူငယ်သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ခင်နှင်းကြည်တို့က သက်ဆိုင်ရာ ကျောင်းများအလိုက် ကလေးများ၏ စာပေသင်ကြားမှု၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားမှု၊ အလုပ်အကိုင်နေရာချထားမှုနှင့် မိဘထံ ပြန်လည်အပ်နှံမှုတို့ကို ရှင်းလင်းတင်ပြသည်။ လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ ကျောင်းသူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး သင်တန်းကျောင်းအတွင်းရှိ အိပ်ဆောင်၊ မူလတန်းကျောင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာ၊ စက်ချုပ်သင်တန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၆၄) ကမ္ဘာအေးစေတီလမ်းရှိ ကမ္ဘာအေးလူငယ် သင်တန်းကျောင်းသို့ သွားရောက်၍ ကလေးငယ်များ၏ အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် သီးနှံစိုက်ပျိုးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဗုဒ္ဓပူဇနိယဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် ကျုံတနီးကျေးရွာ ပြည်လုံးချမ်းသာ ရုပ်ရှင်တော်မြတ် ဗုဒ္ဓပူဇနိယပွဲတော် အကြိုဓမ္မသဘင်ပွဲတွင် ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ရက်တို့တွင် ဘဒ္ဒန္တ ဣန္ဒိဓဇ (ပခုက္ကူသဲတော) ဗုဒ္ဓသာသနာပြု နယ်လှည့်ဓမ္မကထိက၊ ဖေဖော်ဝါရီ ၂ရက်နှင့် ၃ရက်တွင် လွတ်လပ်ရေးကျောင်း ရန်ကုန် ဦးဇာဂရတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

အဘိဓမ္မာနှင့် သံယုတ်သင်တန်းများ

ရန်ကုန် ဇန်နဝါရီ ၂၉

ဖေဖော်ဝါရီ ၁ရက်မှစတင်၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂နာရီမှ ညနေ၃နာရီအထိ မိုးကောင်းစေတီတော် အရိယာဓမ္မာရုံကြီး၌ အဘိဓမ္မာနှင့် သံယုတ်ဘာသာရပ်များကို ဆရာဦးအောင်မြင့်က ပဋ္ဌာန်းကိုလည်းကောင်း၊ ဆရာဦးတင်ဝင်းက အဘိဓမ္မာကို လည်းကောင်း၊ ဆရာဦးခင်မောင်အေးနှင့် ဆရာမ ဒေါ်မြမြသိန်းတို့က သံယုတ်ကိုလည်းကောင်း ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ဘဏ္ဍာရေးအစ်နေ့၌ အငြိမ်းစားလစာ ထုတ်ပေးခြင်းပိတ်ထားမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာသက္ကရာဇ် ၁၃၆၅ခု တပို့တွဲလဆန်း ၁၂ရက်၊ ခရစ်နှစ် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂ရက်၊ တနင်္လာနေ့သည် ဘဏ္ဍာရေးအစ်နေ့ (အများပြည်သူ ရုံးပိတ်ရက်) ဖြစ်သဖြင့် ယင်းနေ့တွင် ကာကွယ်ရေး ဝန်ကြီးဌာန ငွေစာရင်းရုံး ရန်ကင်းမြို့နယ်၌ ကာကွယ်ရေးဝန်ကြီးဌာန အငြိမ်းစားများ (အရပ်သား အပါအဝင်)အား နေ့ချင်းပြီး ပင်စင်ထုတ်ပေးခြင်းကို ပိတ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခန္ဓာကိုယ်အဆီချနည်း အထူးသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

အမျိုးသမီးများအတွက် တတ်သင့်သော အလှပြင်နည်းပညာရပ်များနှင့် ခန္ဓာကိုယ်အချိုးအစားကျအောင် ထိုင်းနိုင်ငံမှ နာမည်ကြီးဝါရင့် ဆရာမကြီးများကိုယ်တိုင် တစ်ကိုယ်လုံး(ချေးချွတ်ခြင်း၊ ပေါင်းတင်ခြင်း၊ အဆီချခြင်း)များကို စက်ဖြင့်၊ လက်ဖြင့် စနစ်တကျ တာဝန်ယူသင်ကြားပေးသည်။ လူဦးရေကန့်သတ်ထားသည်။ စိတ်ဝင်စားသူများနှင့် သင်တန်းတက်လိုသူများ SudSuai အမှတ်(၂၈၃) မြေညီထပ် (လမ်း ၄၀) ကျောက်တံတားမြို့နယ်၊ ဝါဝါသန်း အလှပြုပြင်ရေး အမှတ်(၆၈) မြေညီထပ် အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့် ရန်ကုန်မြို့ ဖုန်း-၂၄၅၄၉၃နှင့် Cute Care Food Manufacturing Co., Ltd အမှတ် (၅၅-စီ) ရှင်စောပုလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၅၆)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့်အာဂုံပြန် အောင်မြင်ကြသူများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့က ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၆ရက် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၈ရက်မှ တပို့တွဲလဆန်း ၆ရက် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၇ရက်အထိ ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန် အောင်မြင်တော်မူကြသူများစာရင်းကို သာသနာရေးဦးစီးဌာနက ယနေ့ထုတ်ပြန်ကြေညာသည်။

အောင်မြင်ကြသူများမှာ အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်း ရေးဖြေအောင် တိပိဋကကောဝိဒနှစ်ပါး၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်းငါးကျမ်း ရေးဖြေအောင် မူလအဘိဓမ္မကောဝိဒနှစ်ပါး၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်းရေးဖြေအောင် ဝိနယကောဝိဒ ကိုးပါး၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်း သုံးကျမ်းရေးဖြေအောင် ဝိနယကောဝိဒ ကိုးပါး၊ ဝိနယပိဋက ဝိနည်းပထမပိုင်းနှစ်ကျမ်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ လေးပါး၊ အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်း အာဂုံအောင် တိပိဋကဓရ တစ်ပါး၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင် ဒီဃဘာဏက ငါးပါး၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်း အာဂုံဆောင် ဝိနယဓရ ၁၆ပါး၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်းအောင် ဝိနယဓရ ၁၆ပါးနှင့် ဝိနယပိဋက ဝိနည်းပထမပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ၄၃ပါးတို့ ဖြစ်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပခုက္ကူဦးအုံးဖေ စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးတွင် ပခုက္ကူဦးအုံးဖေ စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ စည်းဝေး ပြန်ကြားရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၉

ပခုက္ကူဦးအုံးဖေ စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပခုက္ကူဦးအုံးဖေ စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဒုတိယ တရားသူကြီးချုပ် ဒေါက်တာတင်အောင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု အလှူရှင် ဆရာကြီးဦးအုံးဖေနှင့် စာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပခုက္ကူဦးအုံးဖေ စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တံတေး)က ယခုနှစ် စာပေဆုနှင်းပွဲကို ပခုက္ကူမြို့၌ ကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ပခုက္ကူဦးအုံးဖေ စာမူဆု ရွေးချယ်စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)၊ စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဘဏ္ဍာရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ (ငွေစာရင်း)ဦးမြမောင်၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုဝင်းနှင့် ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးတို့က ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းပွဲ ကျင်းပရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

ယင်းနောက် ဒုတိယတရားသူကြီးချုပ် ဒေါက်တာတင်အောင်အေးနှင့် ပခုက္ကူဦးအုံးဖေ စာပေဆု အလှူရှင် ဆရာကြီး ဦးအုံးဖေတို့က ကဏ္ဍအလိုက် ရှင်းလင်းချက်များအပေါ် အကြံပြု ဆွေးနွေးကြပြီး တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လိုအပ်သည်များ ညှိနှိုင်းစီစဉ်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၅၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၅၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

နုယဉ်၊ ရွှန်းမြအောင်၊ တိုးဝေ၊ တင့်ထွန်း(ချောက်)၊ မောင်မိုးယံ၊ ကျော်စွာသူ(သာယာဝတီ)၊ ကောင်းညွန့်ဝေ(ရေစကြို)၊ မင်းပြားမောင်ယုန္ဒယ်၊ ဘွင်းဘွင်း၊ မောင်အောင်မြင့်(မိတ္ထီလာ)၊ မောင်ခိုင်ကျော် (ကျောက်ဆည်)၊ ပိုနေမြဲ(ဝက်လက်)တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘော)၊ စောမုံညင်း၊ ယုဝတီခင်ဦး၊ မိမိခင်(ရွှေဂုံသမီးတော်)၊ နီငြိမ်း (အညာတက္ကသိုလ်)၊ ပခုက္ကူဦးအုံးဖေ၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ချစ်စံဝင်း၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ ဦးငွေအောင်မွန်၊ ကြို့ပင်ကောက် တင်မောင်ဦး၊ မြန်စာမြေသိန်းလွင်၊ ဒေါက်တာသက်လွင်၊ တင်အောင်သွင်၊ တက္ကသိုလ်စိုးယဉ်၊ ပြင်စည်အောင်(ခရာတော)၊ မောင်မြင့်မိုရ်(ဇရာဝတီ)၊ လယ်ကိုင်းမိုးထိ၊ မောင်မြတ်မွန်(ဆူးလေ)၊ ရွှေညာမောင်မောင်၊ သူရိန်ဝင်း (ဇီးကုန်း)၊ ကိုရွှေမြသန်းတို့၏ ဆောင်းပါးများ။ ဆင်ဖြူကျွန်းအောင်သိန်း၊ သန်လျင်မောင်မောင်ဦး၊ မေတ္တာရှင်(ရွှေပြည်သာ)၊ မသန်းလွင်(ဟဲဟိုး)၊ မိုးပန်းမွန် (ရာမည)၊ မချိုမွန်၊ မောင်ဆောင်း(မုံလှ)၊ ညိုလွမ်းအောင်၊ သောင်းဖေတင့်၊ ညိုဝင်း(ချစ်မြေ)၊ သက်သက်သင်း(ပညာရေး)၊ ငယ်နုသွေး(ခြောက်အိမ်တန်း)တို့ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တောခလေ့စာပန်းချီ၊ ကာတွန်း၊ ဟာသ ကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ပညာရွှေတောင်၊ လမင်းအိမ်၊ အမေ့အိမ်၊ မြင့်မိုရ်(၂)၊ စာပေလောက-၅၊ အောင်ပြည့်စုံ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါး၊ ရဲရင့်စာပေ၊ ပြည်မြို့ အောင်နိုင်၊ သုခ၊ မကွေးမြို့ အောင်ဖိုး၊ ကလောမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊ တောင်ကြီးမြို့ မိလုံနာစာပေ၊ မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ ပျဉ်းမနားမြို့ သရဖူစာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ်စာပေ၊ မအူပင်မြို့ ကျင်ဝင်းငြိမ်းစာပေနှင့် ငွေပဒေသာထီဆိုင်၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်များရှိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးများ၌ ဝယ်ယူရရှိနိုင်သည်။ (က-ပ)

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့်အာဂုံပြန် အောင်မြင်တော်မူကြသော သံဃာတော်များစာရင်း

ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်း ရေးဖြေအောင် တိပိဋကကောဝိဒ(၂)ပါး

၁။ **ပလ္လင်အမှတ်-၁၁၃** အရှင်သုန္ဒရ၊ အသက်(၄၈)နှစ်၊ သိက္ခာ(၂၈)ဝါ၊ စွန်းလွန်းဂူကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ **ပလ္လင်အမှတ်-၁၁၄** အရှင်ဣန္ဒပါလ၊ အသက်(၄၂)နှစ်၊ သိက္ခာ(၂၂)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အဘိဓမ္မပိဋက၊ အဘိဓမ္မာ ပထမပိုင်းငါးကျမ်း ရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ(၂)ပါး

၁။ **ပလ္လင်အမှတ်-၁၁၉** အရှင်အဘိဇာတာဘိဝံသ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၆)ဝါ၊ မဟာသုဗောဓာရုံ ကျောင်းတိုက်၊ စစ်ကိုင်းမြို့။

၂။ **ပလ္လင်အမှတ်-၁၂၀** အရှင်ဝိရိယာနန္ဒ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း ရေးဖြေအောင် ဝိနယကောဝိဒ(၉)ပါး

၁။ **ပလ္လင်အမှတ်-၁၄၃** အရှင်သုနန္ဒ၊ အသက်(၄၅)နှစ်၊ သိက္ခာ(၂၅)ဝါ၊ စိတ္တသုခတပ်ဦးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ **ပလ္လင်အမှတ်-၁၅၀** အရှင်အရိယဓမ္မ၊ အသက်(၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။

၃။ **ပလ္လင်အမှတ်-၁၅၂** အရှင်ဓမ္မသိဒ္ဓိ၊ အသက်(၃၉)နှစ်၊ သိက္ခာ (၁၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။

၄။ **ပလ္လင်အမှတ်-၁၅၈** အရှင်အဂ္ဂသာရာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။

၅။ **ပလ္လင်အမှတ်-၁၅၉** အရှင်ကောသလ္လ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။

၆။ **ပလ္လင်အမှတ်-၁၆၅** အရှင်ဓမ္မပီယ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၂)ဝါ၊ ဓမ္မာရာမကျောင်း၊ ကျုံဖဲရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၇။ **ပလ္လင်အမှတ်-၁၆၆** အရှင်ဝေပုလ္လာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၈။ **ပလ္လင်အမှတ်-၁၇၀** အရှင်ဩသဓာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေးမြို့။

၉။ **ပလ္လင်အမှတ်-၁၇၁** အရှင်သုခိန္ဒြိယ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၄)ပါး

၁။ **ပလ္လင်အမှတ်-၁၈၂** အရှင်ခေမာစာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။

၂။ **ပလ္လင်အမှတ်-၁၈၆** အရှင်ကေသရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ **(အထူးအောင်)**

၃။ **ပလ္လင်အမှတ်-၂၀၄** အရှင်သောဘိတာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၄။ **ပလ္လင်အမှတ်-၂၁၄** အရှင်ဝိသိဋ္ဌာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဆက်လက်ဖော်ပြပါမည်။)

တိုင်းရင်းဆေးအသစ် ထုတ်လုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်လျက်ရှိသော ရှမ်းဆရာကြီး ဦးစိုင်းဆေးတိုက်မှ ခါးနာ၊ဒူးနာ၊ အကြောတက်၊ ထုံကျင်ကိုက်ခဲ၊ လေဖြတ်ခြင်းတို့အတွက် ဦးစိုင်းလိမ်းဆေး၊ ဝမ်းတွင်း အပူအပုပ်များ၍ ညောင်းညာခြင်းများအတွက် ဦးစိုင်းအကြောပြေ အပုပ်ချဆေးနှင့် မူးဝေမောပန်း ချောင်းဆိုးခြင်းများအတွက် စိန်ငါးလုံးသွေးဆေးတို့အပြင် ယခုထပ်မံ၍ ရှမ်းဆရာကြီးဦးစိုင်းလျက်ဆားကို ထုတ်လုပ်ထားသည်။ ယင်းလျက်ဆားသည် အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ သလိပ်ကပ်၊ အသံဝင်၊ ချောင်းဆိုးခြင်းများအတွက် အားထားရမည့် တိုင်းရင်းဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါ တိုင်းရင်းဆေးများကို ရှမ်းဆရာကြီးဦးစိုင်း ဆေးတိုက်အမှတ်(၂၄) ဒေါ်သိန်းတင်လမ်း (၈၂)လမ်းထိပ် ကန်တော်ကလေး ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၂၇၆၀၊ ၇၂၂၂၀၆ နှင့် အမြို့မြို့ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

★ **လာအိုမှ**

ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များက သံတွဲလေဆိပ်တွင် ကြိုဆိုကြပြီး ဒေသခံတိုင်းရင်းသားကလေးငယ်များကလည်း ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး သံတွဲမြို့ လင်းသာရပ်ကွက်ရှိ Lin Aung Industrial & Production Co., Ltd ၏ လင်းအောင် ပုစွန်အအေးခန်းစက်ရုံသို့ ရောက်ရှိကြပြီး ပုစွန်ကုန်ချောများ ထုတ်လုပ်သိုလှောင်ထားရှိ ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့ မဇင်ကျေးရွာရှိ Everlive Co., Ltd က ဆောင်ရွက်လျက်ရှိသည့် ရေငန်ပုစွန်သားပေါက် ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ငပလီကမ်းခြေရှိ Bay View Hotel ၌ ညအိပ်ရပ်နားကြသည်။

ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေကြသော ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ထောင်လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီဆီဆူလစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် သံတွဲလေဆိပ်သို့ ရောက်ရှိကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များက သံတွဲလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည်မွန်းလွဲ ၁နာရီမိနစ် ၅၀တွင် သံတွဲလေဆိပ်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

ထိုမှတစ်ဆင့် ရေကျော်ချောင်းအလွန် ငွေးကုန်းကျေးရွာအနီး မိုင်တိုင် ၄၉၅/၇ တွင် ကတ္တရာခင်းရန်အတွက် ကျောက်ခင်းကျောက်စီလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်ရှိ မြို့သာတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်းနှင့် အမျိုးသားလူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်နှင့် တိုက်နယ်ဆရာဝန် ဒေါက်တာခင်စန်းမြင့်တို့က ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြို့သာမြို့ရှိ တံတားဦး–မြို့သာ–မြင်းခြံလမ်း တိုးတက်ပြုပြင်ခြင်း စီမံကိန်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြင်းခြံခရိုင် အင်ဂျင်နီယာမှူး ဦးထွန်းမြင့်က မြင်းခြံအပိုင်း လမ်းကျောက်ခင်းလုပ်ငန်းနှင့် ကတ္တရာခင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

တံတားဦး–မြင်းခြံလမ်းမှာ ၅၂မိုင်ခြောက်ဖာလုံရှိပြီး တံတားဦးမြို့နယ်အပိုင်းတွင် ခြောက်မိုင်၊ မြင်းခြံ မြို့နယ်အပိုင်းတွင် ၂၅မိုင် ခုနစ်ဖာလုံ ကတ္တရာခင်းပြီးစီးပြီး ကျန်လမ်းအပိုင်းများကိုလည်း ကတ္တရာခင်းရန် ဆက်လက်ဆောင်ရွက်နေကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မြင်းခြံမြို့နယ် ညောင်ဝန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၊ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြင်းခြံ အစိုးရစက်မှုလက်မှုသိပ္ပံသို့ ရောက်ရှိကြပြီး ခန်းမ၌ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ဆရာ၊ ဆရာမအင်အား၊ တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူဦးရေ၊ ဘာသာရပ်များနှင့် အဆောက်အအုံ ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး စာသင်ခန်းများ၊ ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြင်းခြံဒီဂရီကောလိပ်သို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ ကောလိပ်အဆောက်အအုံတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စာသင်ခန်းများ၊ Language Lab နှင့် ကောလိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မြင်းခြံမြို့မှ ပြန်လည်ထွက်ခွာ လာကြရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း တံတားဦး–မြို့သာ မော်တော်ကားလမ်း လမ်းပိုင်း ကတ္တရာခင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ **ပြည်ထောင်စုဒိုင်းမှ**

(အောင်ဆန်းကွင်း)

ကရင်ပြည်နယ်အသင်း– တစ်ဂိုး။ (ကျော်ထင်ဦး)

ပဲခူးတိုင်းအသင်း– ဂိုးမရှိ။

အကောင်းဆုံးဆု– မင်းနန္ဒကျော်ထင် (ကရင်ပြည်နယ်)။

ဒိုင်လူကြီး– ဦးထွန်းဝေ။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ

(သုဝဏ္ဏကွင်း)

မန္တလေးတိုင်းနှင့်ကချင်ပြည်နယ်

(အောင်ဆန်းကွင်း)

ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်း

(ကြေးမုံ)

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းအသင်း၏ ထိုးဖောက်မှုကို ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း နောက်တန်းကာကွယ်စဉ်။ (ကြေးမုံ)

ဂုဏ်ပြုလက်မှတ်ချီးမြှင့်

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက နည်းပြတစ်ဦးအား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ် ချီးမြှင့်စဉ်။ (ကရာတေးဒိုအဖွဲ့ချုပ်)

ကရာတေးဒိုနည်းပြသင်တန်း ဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကျင်းပသော ကရာတေးဒို နည်းပြသင်တန်း (၁/၂၀၀၄) ဆင်းပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင်ဟောင်း ဒေါက်တာရဲနိုင်ဝင်းက အမှာစကားပြောကြားပြီး နည်းပြများအား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များကို ပေးအပ်သည်။

ထို့နောက် သင်တန်းဆင်းနည်းပြဆရာ၊ ဆရာမများက မိမိတို့ ဒေသအတွင်း ကရာတေးဒို အားကစားနည်း တိုးတက်ပြန့်ပွားရေး အကျယ်တဝင့် ဆွေးနွေးကြပြီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ပြန်လည်ညှိနှိုင်းဆွေးနွေးသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၉ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကော်မတီဝင် ဗိုလ်မှူးကြီး တင်စိုးနှင့် ထုတ်လုပ်ရေးဌာန ခေတ္တဌာနမှူး ဗိုလ်မှူးတင်ဖေနှင့်အဖွဲ့ မအူပင် စိုက်ပျိုးမွေးမြူရေးစခန်းတွင် ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများနှင့် ဈေးအသီးသီးသို့ တင်ပို့ရောင်းချရန် ငါးများ ဖော်ထုတ်ဖမ်းဆီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

➪ **My Doom မှ**

ယခုအချိန်တွင် e-Mail ၁၂စောင်တိုင်း၌ My Doom Virus တစ်စောင်နှုန်း ပါဝင်လျက်ရှိသောကြောင့် ယခင်နှစ်က ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့သည့် Worm Sobig.F ထက် သာလွန်ကြောင်း၊ Worm Sobig. F သည် e-Mail ၁၇စောင်တွင် တစ်စောင်သာပါဝင်ကြောင်း၊ ကူးစက်မှု မြန်ဆန်လျက်ရှိသောကြောင့် အင်တာနက်၏ Traffic အား မြင့်တက်စေပြီး အင်တာနက်စနစ်များကို ပိတ်ဆို့မှုများ ဖြစ်ပေါ်စေကြောင်း၊ ၎င်းဗိုင်းရပ်စ်၏ ပစ်မှတ်မှာ Microsoft Main Website နှင့် SCO Unix Vendor တို့၏ Website များဖြစ်ကြောင်း၊ ၎င်းဗိုင်းရပ်စ်အား ယခုလ ၂၆ ရက်တွင် ထုတ်ဝေခဲ့သော Norton Auti-Virus အသစ်နှင့် ကာကွယ်နိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါဗိုင်းရပ်စ် ကူးစက်ခြင်းမခံရစေရန်အတွက် အထက်ဖော်ပြထားသော Test, Hi, Hello, Mail Delivery System, Mail Transaction Failed, Server Report, Status, Error စသည့် Subject များဖြင့် ဝင်ရောက်လာသော e-Mail များအား ဖွင့်လှစ်ခြင်းမပြုဘဲ ဖျက်ဆီးရန်နှင့် အကယ်၍ အဆိုပါဗိုင်းရပ်စ် ကူးစက်ခြင်းခံရပါကလည်း Special Removal Tool from Norton နှင့် အသုံးပြုဖယ်ရှားသွားရန် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က သတိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

ဝိပဿနာ ခုနစ်ရက်တရားစခန်းကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ဇင်ယော်လမ်းရှိ သဒ္ဓမ္မပါလ ခနဲ့ဖြူတိုက်သစ်ကျောင်းတိုက်၌ (၁၀)ကြိမ်မြောက် ဝိပဿနာခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ ၄ရက်မှ ၁၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသာသန (သာသနဓဇဓမ္မာစရိယ) က ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ယောဂီများ ဖေဖော်ဝါရီ ၃ရက် ညနေ ၆နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ဝန်ကြီးများ၊ သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၉

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့သည် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် မူးယစ်ဗဟိုရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ချက်များ လေ့လာရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းများသို့ ဇန်နဝါရီ ၂၃ရက်မှစ၍ သွားရောက်လေ့လာကြရာ ဇန်နဝါရီ ၂၅ရက် နံနက် ၈နာရီတွင် လားရှိုးအရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘိန်းအစားထိုး ကော်ဖီစိုက်ပျိုးရေးခြံနှင့် ဘိန်းအစားထိုး ကြက်အကောင် ၁၃၆၀၀ မွေးမြူထားရှိမှု အခြေအနေများကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မျိုးစပ်စပါးထုတ်လုပ်ခြင်းနှင့် အထူးအထွက်တိုး နွေစပါး စိုက်ပျိုးထားမှုများ၊ အထွက်တိုးစပါး၊ မြေပဲ၊ပဲပုပ်၊ နေကြာ၊ ပဲစင်းငုံ၊ ကော်ဖီနှင့် ဂျုံဧက ၁၀၀၀ စံပြစိုက်ခင်း စီမံကိန်းလုပ်ငန်းများ၊ ဇီဝမြေဩဇာစက်ရုံနှင့် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် စိုစိုပြည်ပြည် အုတ်ထုတ်လုပ်မှု လုပ်ငန်းစက်ရုံတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြရာ လုပ်ငန်းများအလိုက် တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြသည်။ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် လားရှိုးမှ ထွက်ခွာရာ လောက်ကိုင်သို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြသည်။ လောက်ကိုင် မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက် ရှင်းလင်းဆောင်၌ ကိုးကန့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်က ရှင်းလင်းပြောကြားရာတွင် ၎င်းဒေသသည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ခန့်က စတင်ခဲ့သည့် ဘိန်းစိုက်ပျိုးမှု အလေ့အထကို ၂၀၀၂ခုနှစ်မှစ၍ မျိုးစေ့ပါမကျန် ရှင်းလင်းနိုင်ခဲ့ကြောင်း၊ ကိုးကန့်ဒေသနှင့် နိုင်ငံတော်အတွက် အစဉ်အလာကောင်းသည့် လုပ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတကာ အတွက်လည်း ကောင်းမြတ်သည့် ဂုဏ်ယူစရာ လုပ်ရပ်ဖြစ်ကြောင်း၊ ဒေသခံ ပြည်သူများအနေဖြင့် နှစ်ပေါင်း ၁၀၀ကျော် မူးယစ်ဆေးဝါး စိုက်ပျိုးမှုဖြင့် အသက်ရှင်ခဲ့ရသည့်အတွက် အခက်အခဲများရှိကြောင်း၊ မြေဆီမြေနှစ် ညံ့ဖျင်းသည့် ဒေသဖြစ်ပြီး စိုက်ပျိုးရေမလုံလောက်မှုကြောင့် အစားထိုးသီးနှံ စိုက်ပျိုးရန် အခွင့်အလမ်းနည်းပါးကြောင်း၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များအနေဖြင့် ကိုးကန့်ဒေသတွင် ဖြစ်ထွန်းမည့် ရော်ဘာနှင့် အခြားဖြစ်ထွန်းမည့် သီးနှံများ စိုက်ပျိုးရန် စီမံထားကြောင်း၊ နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် လောက်ကိုင်ဆေးရုံကို အားပြုနေရကြောင်း၊ ပညာရေးကဏ္ဍတွင် စာသင်ကျောင်း ၁၂၅ကျောင်း၌ ကျောင်းသားဦးရေ ၁၀၀၀၀ကျော် တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ မူးယစ်ဆေးစွဲ ရောဂါကုသရေး၊ ရေ၊ မီးရရှိရေး၊ စည်ပင်သာယာရေး၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး စသည့်လုပ်ငန်းများကို ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဆောင်ရွက်ခဲ့ကြောင်း။

ဘိန်းအစားထိုး ဝင်ငွေရရှိစေရေးအတွက် လောက်ကိုင်မြို့နှင့် ခြောက်မိုင် အကွာတွင် ဧက ၁၀၀၀ စိုက်ပျိုးရေးခြံတစ်ခု တည်ဆောက်နိုင်ခဲ့ပြီး အခြားနေရာ များတွင်လည်း အလားတူ စိုက်ခင်းများ ထူထောင်ပေးခဲ့ကြောင်း၊ ထို့ပြင် ၂၀၀၃ခုနှစ်တွင် ကြံဧက ၂၅၀၀ကို ထပ်မံတိုးချဲ့ စိုက်ပျိုးခဲ့ကြောင်း၊ ကိုးကန့် ဒေသကို တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကုလသမဂ္ဂတို့မှ ထောက်ပံ့ကူညီမှုများ ရှိခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆန်အိတ် ၅၀၀၀နှင့် အရှေ့ မြောက်တိုင်းစစ်ဌာနချုပ်မှ နွေစပါး၊ မိုးစပါးအပြင် အခြားသီးနှံများကိုလည်း ထောက်ပံ့ပေးခဲ့သဖြင့် ပြည်သူများကို အညီအမျှခွဲဝေပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ဂျပန်အစိုးရ၏ ပံ့ပိုးမှုဖြင့် ကိုးကန့်ဒေသရှိ ရွာသုံးရွာကို လျှပ်စစ်ဓာတ်အားဖြန့်ဝေ ပေးနိုင်သည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ခဲ့ကြောင်း၊ လောက်ကိုင် နှင့် တာရှေထန်ကြား လမ်းမိုင် ၁၀မိုင်ကို ကတ္တရာ ခင်းပေးနိုင်ခဲ့ကြောင်း၊ ကိုးကန့်ဒေသတွင် ကြက်ခြံနှစ်ခြံ၌ ကြက်ကောင်ရေ တစ်သိန်းနှစ်သောင်း၊ ဝက်ကောင်ရေ နှစ်ထောင်နှင့် နွား ၁၀ကောင်တို့ကို မွေးမြူထားပြီးဖြစ်ကြောင်း၊ ကိုးကန့်ဒေသဖွံ့ဖြိုးမှုမှာ အခြေခံအဆင့်တွင် ရှိသဖြင့် နိုင်ငံတကာမှ အကူအညီများ ပေးရန် လိုကြောင်းနှင့် မိမိတို့ဒေသ၌ မူးယစ်ဆေးဝါး လုံးဝပပျောက်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ကိုးကန့်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကိုးကန့်ဒေသအပါအဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ် လိုက်ပြီဖြစ်သည့် ကိုးကန့်ပြည်သူများကို နိုင်ငံတကာအသိုင်းအဝိုင်းက ပံ့ပိုးကူညီရန် လိုအပ်နေပုံများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့်အဖွဲ့သည် လောက်ကိုင်မြို့အနီးရှိ ဘိန်းအစားထိုး စိုက်ခင်းစီမံကိန်းလုပ်ငန်းများနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး လောက်ကိုင်မှ တပ်မတော် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီတွင် လားရှိုးသို့ ပြန်လည်ရောက်ရှိကြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ် များဖြင့် လားရှိုးမှ ဆက်လက်ထွက်ခွာကြရာ ညနေ ၃ နာရီခွဲတွင် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

စီမံကိန်းရှင်းလင်းဆောင်တွင် လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဒေါက်တာ သိန်းထွန်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ တည်နေရာ၊ နောက်ခံသမိုင်းကြောင်း၊ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းပမာဏ၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းဆိုင်ရာ အကြောင်းအချက်များနှင့် ဘဏ္ဍာငွေရရှိသုံးစွဲမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော ဝန်ကြီးများနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မုန်းချောင်းရေလှောင်တမံ စီမံကိန်းတွင် ကြည့်ရှုကြစဉ်။ (မူးယစ်ဗဟို)

ထို့နောက် သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြား သည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်သို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေ ၄နာရီ ၄၅မိနစ်တွင် ပြင်ဦးလွင်သို့ ရောက်ရှိ ကြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဖွဲ့သည် ပြင်ဦးလွင်ရှိ အမျိုးသား ကန်တော်ကြီးသို့ သွားရောက်ကြရာ ရှင်းလင်းဆောင်၌ Wood Land Co. မှ ဥက္ကဋ္ဌ ဦးဝင်းအောင်က အမျိုးသား ကန်တော်ကြီး ဥယျာဉ် အသစ်ပြန်လည်မွမ်းမံ တည်ဆောက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ည ၇နာရီခွဲတွင် မူးယစ်ဗဟိုအဖွဲ့မှ နန်းမြိုင်ဟိုတယ်၌ ညစာဖြင့် တည်ခင်း ဧည့်ခံသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်ဦးဆောင်သော ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိ များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး(၂)နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပြင်ဦးလွင်မှ ထွက်ခွာကြရာ မကွေးတိုင်း၊ စလင်းမြို့နယ်ရှိ တညောင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ နံနက် ၁၀နာရီမိနစ် ၄၀တွင် ရောက်ရှိကြသည်။ ရှင်းလင်းဆောင်တွင် လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က တညောင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းရာတွင် တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ် တညောင်ကျေးရွာအနီးတွင် တည်ရှိ ကြောင်း၊ ရေအရင်းအမြစ်ကို ဧရာဝတီမြစ်မှရယူအသုံးပြုကြောင်း၊ စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ စိုက်ပျိုးမြေဧက တစ်သောင်းငါးထောင်ကို ရေပေးဝေ နိုင်ရန်ဖြစ်ကြောင်း၊၎င်းစီမံကိန်းတွင် အရှည်ပေလေးသောင်းရှစ်ထောင်ငါးရာရှိ ပင်မမြောင်းမကြီးနှင့် အရှည်ပေလေးသောင်းငါးထောင်ရှိ လက်တံမြောင်းငယ်တို့ ပါဝင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တညောင်မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မွန်းတည့် ၁၂နာရီတွင် မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

စီမံကိန်းရှင်းလင်းဆောင်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ရှင်းလင်းတင်ပြရာတွင် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မကွေးတိုင်း၊ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင်ရောက်ရှိပြီး စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ မိုးစပါး စိုက်ပျိုးရာတွင် ဆည်ရေလုံလုံလောက်လောက် ထပ်မံဖြည့်ဆည်းပေးနိုင်ရေး၊ နွေစပါးနှင့်အခြားသီးနှံများ သီးထပ်စိုက်ပျိုးရာတွင် ဆည်ရေပေးဝေနိုင်ရေး၊ မုန်းချောင်းရေကြီးမှု လျော့ပါးစေရေးနှင့် နှစ်စဉ်ရေအားလျှပ်စစ်ထုတ်လုပ်မှု ၃၃၀ကီလိုဝပ်နာရီသန်းပေါင်း ထုတ်ဝေပေးနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ ၎င်းစီမံကိန်းကို ၁၉၉၅ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၄ခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ရေလှောင်တမံ၏ ရေဆင်းဧရိယာမှာ ၁၄၆၈ စတုရန်းမိုင် ကျယ်ဝန်းကြောင်း၊ တမံ၏အလျားပေမှာ ၄၃၂၀ရှည်လျားပြီး ပေ ၂၀၀အမြင့်ရှိကြောင်း၊ ရေလှောင်တမံ မှာ မြေသားတမံအမျိုးအစားဖြစ်ပြီး ဆည်ရေပေးဝေနိုင်သည့် ဧရိယာမှာ ဧက ၁၀၈၀၀၀ ဖြစ်ကြောင်း၊ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ အမေရိကန်ဒေါ်လာ ၃၂သန်း အပါအဝင် စုစုပေါင်း မြန်မာငွေ ကျပ်သန်းပေါင်း ၃၃၈၀၀ ကုန်ကျမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ စီမံကိန်းဒါရိုက်တာ ဦးမြင့်သန်းက မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။ ထို့နောက်သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက် များကို ပြန်လည်ဆွေးနွေးဖြေကြားပြီး ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိ များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ် များအား စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ရှင်းလင်းပြသသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့်အဖွဲ့သည် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ တပ်မတော် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မင်းဘူး ရေနံမြေသို့ မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။ ဆက်လက်၍ ဧရာဝတီတံတား(မကွေး)သို့ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး မကွေးလေဆိပ်မှ မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၅နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၂၀ ၈။ ဂုံညင်းတန်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၀ ၈။ ဟင်းရွက်ရေလှောင်တမံ
- ၅:၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၅:၅၅ ၁၀။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၆:၀၅ ၁၁။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၁၅ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ Milo Success in Soccer.
- ၇:၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၁၁)**
- ၇:၃၀ ၁၇။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၄၀ ၁၈။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ “အေးချမ်းစည်ပင် နှစ်ဆယ့်လေး ဒေသတစ်ခွင်” (အပိုင်း-၁)**
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **မြန်မာဗီဒီယိုဇာတ်လမ်း မယုံရင်ချစ်ကြည့်(အပိုင်း-၁) (ကျော်ဟိန်း၊ညီနန္ဒ၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈) ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

Myanmar PGAနှင့် MGFတို့က ကြီးမှူးကျင်းပသော Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

ပြိုင်ပွဲ၏ တတိယနေ့ (၁၈)ကျင်း ကစားအပြီး၌ စိုးကျော်နိုင်(Pan-West)ကပင် (၇၂+၆၈+၇၅)ပေါင်း ၂၁၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

တတိယလိုက်နေ

မင်းနိုင် (Srixon) က (၇၃+၇၁+၇၂) ပေါင်း ၂၁၆ချက်ဖြင့် ဒုတိယ၊ ဝါရင့်ဂေါက်သမား မြင့်သောင်း(KM Golf Centre)က သတ်မှတ်ရိုက်ချက်ထက်လေးချက်လျော့ရိုက်ပြီး (၇၆+၇၄+၆၈)ပေါင်း ၂၁၈ချက်နှင့် အောင်ဝင်း (Y.C.D.C) ကလည်း သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ (၇၃+၇၆+၆၉) ပေါင်း ၂၁၈ချက်စီဖြင့် တတိယလိုက်နေကြသည်။

ဇော်ဇော်လတ် (Pan-West)က (၇၆+၇၂+၇၄)ပေါင်း ၂၂၂ချက်နှင့် နန္ဒကျော် (Y.C.D.C)က (၇၁+၇၆+၇၅) ပေါင်း ၂၂၂ချက်ဖြင့် စတုတ္ထလိုက်နေကြသည်။

ကူညီပံ့ပိုး

ယင်းပြိုင်ပွဲကို Gold Uni Jewellery Co., Ltd. နှင့် Xie Familyတို့နှင့် အတူ Imperial Jade Purified Drinking Water တို့က ကူညီ ပံ့ပိုးကြသည်။ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

တိပိဋကဓရ အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ပဲခူးယ်ကုန်းမြို့ ဓမ္မအကြည်တော် အဖွဲ့မှ ကြီးမှူးကျင်းပသော တိပိဋကဓရ အထူးတရားပွဲကို တပို့တွဲလဆန်း ၁၂ ရက် (ဖေဖော်ဝါရီ ၂ရက်)တွင် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တဝံသပါလာ လင်္ကာရက လည်းကောင်း၊ တပို့တွဲလဆန်း ၁၃ရက် ဖေဖော်ဝါရီ ၃ရက်တွင် နဝမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ အရှင်သူမြတ်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို မြို့မသာသနာ့ဗိမာန်တော်ကြီး၌ ညစဉ် ၇ နာရီတွင် နှစ်ညတိုင်တိုင် ဟောကြားမည်ဖြစ်သည်။

(က-ပ)

အင်အားပြင်းထန်သောမြေငလျင် လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂၉ရက် မြန်မာစံတော်ချိန် ဝ၄နာရီ ၅၂မိနစ် ၃၆စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင် ၂၁၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ ၇အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

INFORMATICS

Informatics Computer Centre ... IT နည်းပညာများကို ... Diploma ...

အမှတ် 70B ...

Ph: 558360

MICT ... (၃၁.၁.၂၀၀၄)

Domain Name Registration

6500/- kyats

Myanmar Online (MODINS) Web solutions

B-5/R-8, MICT Park, Hlaing Township, Ygn. Tel : 652305

modins@myanmar.com.mm, www.modins.net,

ဆလုံတိုင်းရင်းသား ရိုးရာပွဲတော် အထောက်ကူပြု

တေးဂီတဖျော်ဖြေပွဲ

SHAN YOMA

ရင်ဂို၊ ဂရေဟမ်၊ R.ဇာနည်၊ ဖြိုးကြီး၊ ထူးအယ်လင်း၊ လိုင်ဦးမော်၊ The Ants၊ မောင်မောင်ဇော်လတ်၊ အယ်လ်ဖြူ၊ အယ်နောင်း၊ ACID၊ Big Bag၊ Anti-biotic

ထွန်းအိန္ဒြာဗို၊ တော်နီ၊ တင်ဇာမော်၊ ချောစုခင်၊ ဆုန်သင်းပါရ်၊ မီးမီးခဲ၊ ငယ်ငယ်၊ ယုဇန၊ ရွှေထိုက်၊ ခင်ဘုဏ်း၊ ရှင်ဖုန်း၊ အိုင်းရစ်လေးဖြူဦး

B.P.M music band နှင့် Presenter- တို့အရှိုင်း

နေ့ရက် ၃၁-၁-၂၀၀၄ (စနေနေ့)

နေရာ မြနိုင်ငံ ဟိုတယ်

အချိန် ည ၆:၀၀ နာရီ

ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်၏ ၄-၁-၂၀၀၄နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ဖြင့် သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ဦးအောင်ကြည်မြင့် (သိရီ ရတနာမဏ္ဍသာကုမ္ဘဏ်)၊ (ဥက္ကဋ္ဌ-ကျောင်းသားဟောင်းများ၏အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအလှူငွေပဒေသာပင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့)အားလှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

အ-ထ-က(၁) မြောက်ဥက္ကလာပမြို့
ကျောင်းသား၊ ကျောင်းသူဟောင်းများ

အထက(၂) တောင်ဥက္ကလာ အာစရိ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

တောင်ဥက္ကလာ အထက(၂)ကျောင်းတွင် ၁၉၆၆ မှ ၂၀၀၃ ခုနှစ် အတွင်း တာဝန်ထမ်းဆောင်ခဲ့၊ တာဝန်ထမ်းဆောင်ဆဲ အသက်(၅၀)နှစ် အထက် ဆရာ၊ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်တွင်အဆိုပါကျောင်းခန်းမသစ်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန် နိုးဆော်ထားသည်။

(က-ပ)

MRA နွေရာသီအထူး အင်္ဂလိပ်စာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

MRA (Myanmar Royal Academy) အင်္ဂလိပ်စာ စင်တာတွင် Intermediate Level အင်္ဂလိပ်သဒ္ဒါ၊ စကားပြော၊ အရေးအဖတ် General English သင်တန်းများ၊ GCE English, Medical English, TOEFL နှင့် English in Business Studies သင်တန်းများအပြင် Going-Abroad English အထူးတစ်လ၊ သုံးလနှင့် ခြောက်လသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ပထမပတ်တွင် Post-Intermediate English, English in Basic Buddhism နှင့် English in Myanmar Language, Culture and Literature သင်တန်းများ၊ တရုတ်ဘာသာ စကားအထူးသင်တန်းနှင့် ဖေဖော်ဝါရီလကုန်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ် ဘွဲ့ကြို၊ ဘွဲ့ရအဆင့် အင်္ဂလိပ်၊ သဒ္ဒါ၊ စကားပြော၊ အရေးအဖတ်သင်တန်းများကို Level အဆင့်ဆင့် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းကျောင်းတည်ရှိရာ ရန်ကုန်မြို့ လမ်းမတော် (၉)လမ်း (အလယ်) အမှတ်(၅၇) မြေညီထပ် ဖုန်း-၂၂၂၁၂၁သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

အလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)
မိမိအလှပြင်ဆိုင်
...

လုပ်ငန်းခွင် ခေါင်းဆောင်မှု စွမ်းရည်
ဖွံ့ဖြိုးမှုသင်တန်း
MENTOR BMC - Ph:291358

SPRAY PAINT

Christmas & New Year
အထူးအစီအစဉ်

Bosny Spray Paint အားဝယ်ယူအားပေးနေကြသော လူကြီးမင်းများ အတွက် ဗူးတိုင်းတွင် **စက်ဘီး** ကံစမ်းမဲများအား မေတ္တာလက်ဆောင်ထည့်ပေးထားပါသည်။

စက်ဘီး နီးရေ(၅၀၀) အား ယခုပေါက် ယခုထုတ်စနစ် ဖြင့် ကံစမ်းနိုင်ကြပါပြီ။

စည်းကမ်းချက် - ကံထူးရှင်မှ စက်ဘီးဆုလဲလှယ်ရာတွင် TWJS Co., Ltd၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါသည်။ ပေါက်မဲစာရွက်ပါ အမှတ်အသား ကိန်းဂဏန်းများ မထင်မရှားပျက်စီးစုတ်ပြဲခြင်း မရှိစေရ။

ကံစမ်းမဲကာလ - ၂၀-၁၁-၂၀၀၃ မှ ၂၀-၅-၂၀၀၄ အထိ။

ဆုမဲထုတ်ယူရန်နောက်ဆုံးရက် - ၃၀-၉-၂၀၀၄ အထိ။

စက်ဘီးကံထူးဆုအား အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများမှတဆင့် ထုတ်ယူနိုင်ပါသည်။

TWJS Co., Ltd

အမှတ်(၂၃) သီရိမ္ဘန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

Ph: 681805, 681806, 681883

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

အဆင့်မြင့်ကုန်တိုက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်း နှင့် ပြည့်စုံသော ဝန်ထမ်းများအလိုရှိသည်။

၁။ **Chief Accountant** ကျား/မ (၁) ဦး

- B.Com (C.P.A) အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်း၊ Computerize Accounting အား ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။

၂။ **Accountant** ကျား/မ(၂)ဦး

- LCCI Level (I,II,III)အောင်မြင်ပြီးသူ၊ အသက်(၂၅)နှစ် အထက်ရှိ၍ Computerize Accounting အားကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။

အထက်ပါအရည်အချင်းနှင့်ပြည့်စုံသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ် သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့် လိုအပ်သော စာရွက်စာတမ်းများပူးတွဲလျက် ကြော်ငြာပါသည့် နေ့မှစ၍ တစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ကုန်တိုက်အတွေ့အကြုံရှိသူ ဦးစားပေးမည်။

ဆက်သွယ်ရန်လိပ်စာ– No-(156), 32th Street, Pabadan Township, Yangon, Myanmar.

ဆလုံတိုင်းရင်းသားရိုးရာပွဲတော်

(ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ၏ ကြီးကြပ်မှုဖြင့် စီစဉ်ဆောင်ရွက်သည်)

ကော့သောင်းမြို့၊ သူရွှေးကျွန်း၊ ဆလုံကျွန်းတို့နှင့်အတူ ဆလုံရိုးရာပွဲတော် သို့ ထွက်ခွာမည်။

၁၃.၂.၂၀၀၄ ရက်နေ့ နံနက် ၇:၀၀ နာရီ တွင် နန်းသီတာဆိပ်ကမ်း(ပန်းဆိုးတန်း) မှ ထွက်ခွာမည်။

၁၄.၂.၂၀၀၄ ရက်နေ့ ကော့သောင်းမြို့၊ သူရွှေးကျွန်း၊ ဆလုံကျွန်းများ သို့ လှည့်လည်မည်။

၁၅.၂.၂၀၀၄ ရက်နေ့ ဗိုလ်ချိုကျွန်း ဆလုံရိုးရာပွဲတော် ၏ ရိုးရာသရုပ်ပြဖျော်ဖြေပွဲများ လေ့လာမည်။

၁၆.၂.၂၀၀၄ ရက်နေ့ ဗိုလ်ချိုကျွန်း မှ ပြန်လည်ထွက်ခွာမည်။

၁၇.၂.၂၀၀၄ ရက်နေ့ ရန်ကုန်မြို့ သို့ ညနေပိုင်း တွင် ပြန်ရောက်မည်။

နှုန်း - လူကြီး ၅၀၀၀၀ ကျပ်၊ ကလေး ၃၀၀၀၀ ကျပ် (၁၂ နှစ်အောက်)၊ (အထူးခန်း အတွက် တစ်ခန်းလျှင် ၃၀၀၀၀ ကျပ်)

ဖျော်ဖြေမှု - ချင်းတွင်းလှမယ်များ၏ အဆိုအကနှင့် ဟာသ များလှသည့်ပညာရှင် Mr.Top ၏ ဖျော်ဖြေမှု

စားသောက်ဖွယ်ရာ - တရုတ်၊ မြန်မာ၊ ဥရောပအစားအစာများနှင့် အကင်မျိုးစုံကို စိတ်ကြိုက်ဝယ်ယူစားသောက်နိုင်ပါသည်။

ကြိုတင်လက်မှတ်ဝယ်ယူမှု စိတ်ချရပါမည်။

လက်မှတ်ဝယ်ရန်နှင့်စုံစမ်းရန်

၁၂၉(မြေညီ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း ၂၈၅၆၉၁၊ ၂၉၂၄၅၅၉၊ ၀၉ ၈၀ ၂၁၁၃၃၊ HOT LINE ၀၉ ၈၀ ၃၃၉၈၀

ဆောက်သမ်တန်ကို မန်ယူ ရှုံးကြွေးဆပ်မည်လော

ပွဲစဉ် (၂၃) ပရီမီယာလိဂ် ဒုတိယအကျော့

ပွဲစဉ် (၂၂) တွင် ဝုလ်ဗ်ကို မန်ယူရှုံးသောကြောင့် ဇယားထိပ်မှ ဆင်းပေးလိုက်ရသည်။ ပထမနေရာသို့ အာဆင်နယ်ပြန်တက်လာသည်။ တတိယနေရာမှ ချယ်ဆီး မှန်မှန်လိုက်နေသည်။ ပွဲစဉ်ငါးပွဲလောက်အထိ ချာလ်တန်သည် စတုတ္ထနေရာကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်။

ချာလ်တန်၏အောက်တွင် ရောက်နေကြသော လီဗာပူး၊ ဖူလ်ဟမ်း၊ စိန့်၊ နယူးကာဆယ်တို့သည် ဘုံလုံတစ်လှည့် ငါးပျံတစ်လှည့် ဖြစ်နေကြသည်။ လီဗာပူးသည် ပွဲစဉ် (၁၇) လက်ကျန်ပွဲတစ်ပွဲကို ကစားလိုက်သောကြောင့် နယူးကာဆယ်နှင့် အမှတ်တူသော်လည်း အဆင့် ငါးသို့ရောက်သွားသည်။ ဗီလာနှင့် အဲဗာတန်တို့ နှစ်ဆင့်စီအောက်သို့ လျော့ကျပြီး စပါး(စ်)သုံးဆင့် ပြုတ်ကျသည်။ လိဒ်စ်မှာ အဆင့် ၂၀ သို့ ရောက်သွားသည်။ အခြားအသင်းများသည် နေမြဲတိုင်းရှိကြသည်။

ပွဲစဉ် (၂၃) ကို ဇန်နဝါရီ ၃၁ နှင့် ဖေဖော်ဝါရီ ၁ ရက်နေ့တို့တွင် ဆက်လက်ကစားကြမည်။ ပွဲစဉ်များမှာ မန်ယူ–ဆောက်သမ်တန်၊ ဖူလ်ဟမ်း–စပါး(စ်)၊ လက်စတာ–အက်စတွန်ဗီလာ၊ ဘာမင်ဂမ်–နယူးကာဆယ်လ်၊ ပို့စ်မောက်–ဝုလ်ဗာဟမ်တန်၊ လီဗာပူး–အဲဗာတန်၊ လိဒ်စ်–မစ်ဒယ်ဘရော့၊ ချာလ်တန်–ဘော်လ်တန်၊ ဘလက်ဘန်း–ချယ်လ်ဆီး၊ အာဆင်နယ်–မန်စီးတီး ကစားကြမည် ဖြစ်သည်။

ဇန်နဝါရီ ၃၁ ရက်
စနေနေ့
မန်ယူ–ဆောက်သမ်တန်

အဆင့် (၂) မန်ယူနှင့် အဆင့် (၈) စိန့်တို့ကစားကြမည်။ မန်ယူက ၅၀ မှတ်၊ စိန့်က ၃၀ မှတ်ရထားကြသည်။ ပွဲစဉ် (၂၂) တွင် ဝုလ်ဗ်ကို မန်ယူရှုံးသည်။ နယူးကာဆယ်လ်ပွဲကတည်းက ကပျက်ကချော်ဖြစ်ခဲ့သော မန်ယူသည် ဝုလ်ဗ်ပွဲတွင် ဂိုးပေါက်ချော်နေသည်။ ဝုလ်ဗ်ကို အပေါ်စီးမှကစားနိုင်သော်လည်း အရှုံးဖြင့် ပွဲသိမ်းခဲ့သည်။ လိဒ်စ်နှင့်ပွဲ၌ စိန့်ဦးဆောင် ကစားနိုင်ခဲ့သည်။ ထိုပွဲ၌ စိန့်ခြေသင့်သည်။

ပထမအကျော့ စိန့်နှင့် မကစားခင် မန်ယူသည် ပရိသတ်မချင့်မရဲဖြစ်အောင် ကစားခဲ့သည်။ စိန့်နှင့်ပွဲတွင် မန်ယူအထက်စီးမှ ကစားနိုင်ခဲ့သည်။ ပွဲပြီးခါနီး ၈၇ မိနစ်တွင် တစ်ဂိုးသွင်းခံရသည်။ ဒုတိယအကျော့တွင် မန်ယူသည် အရင်အချိုးအတိုင်း ချိုးနေသည်။ ပရိသတ်မျက်စိလည်အောင် ဖာဂီလုပ်နေပြီ။

ယခုမန်ယူကွင်းမှာ ကစားရမည်။ မန်ယူနိုင်မည်ဟု ပထမပွဲတုန်းက ခန့်မှန်းကြသည်။ သို့သော် တစ်ဂိုး ဂိုးမရှိဖြင့် မန်ယူရှုံးသည်။ မန်ယူ ယခုပွဲတွင် ရှုံးကြွေးဆပ်လိမ့်မည် ဖြစ်သည်။ ဂိုးကွာခြားချက် ကျဉ်းမြောင်းလိမ့်မည်။ မန်ယူက ပေးဂိုးထက် ၂၈ ဂိုးပိုသွင်းထားပြီး၊ စိန့်က ပေးဂိုးထက် သုံးဂိုးသာပိုသွင်းထားနိုင်သည်။ မန်ယူနှင့်အာဆင်နယ်တို့၏ သွင်းဂိုးကွာခြားသည် သုံးဂိုးသာရှိသည်ကို သတိပြုရမည် ဖြစ်သည်။ ရှေ့ပွဲတွင် မန်ယူက အဲဗာတန်နှင့် ကစားရမည် ဖြစ်သကဲ့သို့ စိန့်ကဖူလ်ဟမ်းနှင့် ကစားရမည်။

ဘာမင်ဂမ်–နယူးကာဆယ်

အဆင့်(၉) ဘာမင်ဂမ်နှင့် အဆင့်(၆) နယူးကာဆယ် ကစားကြမည်။ ဘာမင်ဂမ် ၃၀ မှတ်၊ နယူး ကာဆယ် ၃၃ မှတ် ဖြစ်သည်။

ပွဲစဉ် (၂၂)တွင် ခပ်ညံ့ညံ့ကစားနေသော ချယ်ဆီးကို ဘာမင်ဂမ်အောက်မှ လိုက်ကစားခဲ့ရသည်။ သရေကျသော်လည်း ဘာမင်ဂမ်ခြေရည်မှာသင့်ရုံပဲရှိသည်။ ဖူလ်ဟမ်းနှင့်ပွဲ၌ နယူးကာဆယ်ကောင်း၍ နိုင်ခြင်းမဟုတ်။ ဖူလ်ဟမ်း ညံ့၍ နိုင်ခြင်းဖြစ်သည်။ ခြေရည်အရကြည့်လျှင် နှစ်သင်းညီသည်။

ဘာမင်ဂမ်ကွင်းမှာ ကစားရမည်။ ပထမအကျော့ နှစ်သင်းမကစားခင် ဘာမင်ဂမ်က စိန့်နှင့်ချယ်လ်ဆီးတို့ကို သရေကစားခဲ့သည်။

နယူးကာဆယ်က ဖူလ်ဟမ်းကို အနိုင်ကစားခဲ့သည်။ နှစ်သင်းတွေ့သည့်အခါ နယူးကာဆယ်နိုင်မည်ဟု မှန်းကြသည်။ သို့သော် ဘာမင်ဂမ်က တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်သည်။ ယခုပွဲကို သရေလောက်သာ မှန်းသည်။ အနိုင်အရှုံးရလဒ်ထွက်လျှင် ဘာမင်ဂမ်သာနိုင်ချေရှိသည်။ သွင်းဂိုး၊ ပေးဂိုးကွာဟချက်တွင် ဘာမင်ဂမ်က –၆ ဖြစ်ပြီး နယူးကာဆယ်က +၇ ဖြစ်သည်။ ရှေ့ပွဲတွင် ဘာမင်ဂမ်က မန်စီးတီးနှင့် ကစားရပြီး နယူးကာဆယ်က လက်စတာနှင့် ကစားရမည်။

အားကစားသတင်းထောက်

ပို့စ်မောက်–ဝုလ်ဗာဟမ်တန်

အဆင့်(၁၇)ပို့စ်မောက်နှင့် အဆင့် ၁၉ ဝုလ်တို့ ကစား ကြမည်။ ပို့စ်မောက် ၂၂ မှတ်၊ ဝုလ်ဖ် ၁၉ မှတ် ရထားသည်။

ပွဲစဉ် (၂၂)တွင် ပို့စ်မောက်ခြေရည် ညံ့သည်။ ဘော်လ်တန်အား မတည့်သောကြောင့် တစ်လုံးတည်းဖြင့် ပြီးသွားခြင်းဖြစ်သည်။ မန်ယူကို ဝုလ်နိုင်သော်လည်း ခြေရည်မှာ အောက်ကဖြစ်သည်။ ၎င်းပွဲများ၏ ခြေအနေအထားကိုကြည့်လျှင် အတူတူလောက်သာ ရှိကြသည်။ ပို့စ်မောက်က ခြေရည်ပိုကောင်းသည်။ ကစားကွက်လည်း သာသည်။

ပို့စ်မောက်ကွင်းတွင် ကစားရမည်။ ပထမအကျော့ နှစ်သင်းမတွေ့ခင်က ပို့စ်မောက်က အလွန်ခြေကျနေသည်။ ပွဲတိုင်းနီးပါးနိုင်နေသည်။ ဝုလ်ဖ်မှာ အရှုံးနှင့် ရင်ဆိုင်နေရသည်။ နှစ်သင်းဆုံသည့်အခါ ပို့စ်မောက် နိုင်မည်ဟု တွက်ကြသည်။ ပွဲအပြီးတွင် ဂိုးမရှိသရေကျသည်။ ဒုတိယအကျော့ပြန်အစတွင် ပို့စ်မောက်သည် တစ်ပွဲသာနိုင်ပြီး နှစ်ပွဲရှုံးနေသည်။ ဝုလ်ဖ်က တစ်ပွဲသရေ၊ တစ်ပွဲနိုင်ထားသည်။ ယခုပွဲကို သရေလောက်သာ မှန်းသော်လည်း ပို့စ်မောက် နိုင်ချေများသည်။ အရှုံးအနိုင်မှာ ပွတ်ကာသီကာသာဖြစ်မည်။ ဂိုးကွာခြားချက်တွင်ပို့စ်မောက်က –၈၊ ဝုလ်ဖ်က –၂၄ ဖြစ်ကြသည်။ ရှေ့ပွဲမှာ ပို့စ်မောက်က စပါး(စ်)နှင့် ကစားရမည်။ ဝုလ်ဖ်က အာဆင်နယ်နှင့် ကစားမည်။

လိဒ်စ်–မစ်ဒယ်ဘရော့

အဆင့်(၂၀) လိဒ်စ်နှင့် အဆင့်(၁၃) မစ်ဒယ်ဘရော့တို့ ကစားကြမည်။ လိဒ်စ် ၁၇ မှတ်၊ မစ်ဒယ် ဘရော့ ၂၅ မှတ်ရထားကြသည်။

နောက်ဆုံးကစားခဲ့သော စိန့်နှင့် ပွဲ၌ လိဒ်စ် ခြေရည် မကောင်းခဲ့ချေ။ စုစည်းမှုအား ပျက်နေသော လိဒ်စ်သည် အဖြစ်သဘောလောက်ကစားခဲ့သည်။ ထို့အတူ ဘိုရိုသည် လည်း လက်စတာနှင့်ပွဲ၌ ညံ့သည်။ လက်စတာကဲ့သို့သော အသင်းမျိုးကို အောက်မှလိုက်ကစားခဲ့သည်။ ကံကောင်း၍ သရေ ရခဲ့ခြင်းဖြစ်သည်။ နှစ်သင်း၏ ပကတိ ခြေရည်ကို ကြည့်လျှင် ကောင်းကြသည်။ အခြေအနေရ လိဒ်စ် ခြေပျက်နေသော်လည်း ကစားလျှင် ကစားသလောက် ကောင်းသည်။

လိဒ်စ်ကွင်းတွင် ကစားရမည်။ ပထမအကျော့ စစဉ်က လိဒ်စ်အနေအထားက ကောင်းသည်။ စပါး(စ်)မှလွဲ၍ နယူးကာဆယ်နှင့် စိန့်ကို သရေကစားခဲ့သည်။ ဘိုရိုမှာ အခြေအနေ ဆိုးခဲ့သည်။ နှစ်ပွဲဆက်တိုက်ရှုံးပြီး တစ်ပွဲသရေကျခဲ့သည်။ နှစ်သင်းဆုံသည့်အခါ သရေလောက်မှန်းကြသည်။ သို့သော် လိဒ်စ် သုံး–နှစ် ဖြင့် နိုင်သည်။

ယခုပွဲတွင် လိဒ်စ်နိုင်ချေရှိသည်။ ဂိုးကွာခြားချက်မှာ လိဒ်စ်က –၂၅၊ ဘိုရိုက –၆ ဖြစ်သည်။ ရှေ့ပွဲမှာ လိဒ်စ်က ဗီလာနှင့်ကစားရမည်။ ဘိုရိုက ဘလက်ဘန်းနှင့် ကစားလိမ့်မည်။

လက်စတာ–အက်စတွန်ဗီလာ

အဆင့် (၁၈) လက်စတာနှင့် အဆင့် (၁၂) ဗီလာတို့ ကစားကြမည်။ လက်စတာ ၂၀ မှတ်၊ ဗီလာ ၂၇ မှတ် ရသည်။

ပွဲစဉ် ၂၂ ဘိုရိုနှင့်ပွဲ၌ လက်စတာခြေရည် ပုံမှန်သာရှိသည်။ ဒုတိယပိုင်းအစ ခြေရည်မျိုး ကောင်းသည်။ နောက်ပိုင်း ပျော့ကျသွားသည်။ အာဆင်နယ်နှင့်ပွဲ၌ ဗီလာ ခြေရည်ကောင်းသည်။ ၎င်းပွဲများအရ ကြည့်လျှင် ဗီလာက လက်စတာထက်ခြေရည်သာသည်။

လက်စတာကွင်းမှာ ကစားရမည်။ ပထမအကျော့ နှစ်သင်းမတွေ့ခင်က အခြေအနေမှာ သာမန်လောက်ပဲ ရှိကြသည်။ နှစ်သင်းစသည့်အခါ ဗီလာနိုင်မည်ဟု ခန့်မှန်းကြသည်။ မှန်းသည့်အတိုင်း ဗီလာက သုံး–တစ်ဖြင့်နိုင်သည်။

ယခုပွဲတွင် ဗီလာနိုင်ချေရှိသော်လည်း သရေလောက်သာ ဖြင့်မည်ဟုထင်သည်။ သွင်းဂိုးပေးဂိုး ကွာခြားချက်မှာ လက်စတာက –၈၊ ဗီလာ –၆ ဖြစ်သည်။ ရှေ့ပွဲတွင် လက်စတာက နယူးကာဆယ်ပွဲနှင့် ကစားမည်။ ဗီလာက လိဒ်စ်နှင့် ကစားလိမ့်မည်။

ဖူလ်ဟမ်း–စပါး(စ်)

အဆင့် (၇) ဖူလ်ဟမ်းနှင့် အဆင့် (၁၁) စပါး(စ်)တို့ ကစားကြမည်။ ဖူလ်ဟမ်းက သုံးမှတ်၊ စပါး(စ်)က ၂၇ မှတ်ရထားသည်။

တပ်ပျက်မလိုဖြစ်နေသော ဖူလ်ဟမ်းသည် နယူးကာဆယ်ပွဲ၌ ညံ့သည်။ ကစားပုံရော ကစားကွက်ပါ ပြုတ်တောက်နေသည်။ စပါး(စ်)ကလည်း လီဗာပူးအောက်မှ လိုက်ကစားရင်း အနိုင်ရသွားခြင်းဖြစ်သည်။ စပါး(စ်) ခြေရည်မှာ သင့်ရုံပဲရှိသည်။ နှစ်သင်းခြေရည်ယှဉ်လျှင် ဖူလ်ဟမ်းက များစွာသာသည်။

ဖူလ်ဟမ်းကွင်းတွင် ကစားရမည်။ ပထမအကျော့ နှစ်သင်းမတွေ့ခင်၌ ဖူလ်ဟမ်းနှစ်ပွဲဆက် ရှုံးနေသည်။ စပါး(စ်)တစ်ပွဲနိုင်၊ တစ်ပွဲသရေရထားသည်။ နှစ်သင်း တွေ့သည့်အခါ စပါး(စ်)နိုင်မည်ဟု တွက်ကြသည်။ သို့သော် ပွဲအပြီးတွင် ဖူလ်ဟမ်းက သုံးဂိုး– ဂိုးမရှိဖြင့်နိုင်သည်။

ယခုပွဲမကစားခင် အနေအထားတွင် စပါး(စ်)က ခြေစွာနေသည်။ သုံးပွဲဆက်နိုင်ထားသည်။ ဖူလ်ဟမ်းမှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားသည်။ ၎င်းအနေအထားကြည့်လျှင် စပါး(စ်) ပဲနိုင်မည်ဟု ခန့်မှန်းကြမည်။ သို့သော် ဖူလ်ဟမ်းပဲ ထပ်နိုင်ဦးမည်ထင်သည်။ ဂိုးကွာခြားချက်တော့ များမည် မထင်။ ပေးဂိုး၊ သွင်းဂိုး ကွာခြားချက်မှာ ဖူလ်ဟမ်းက +၂၊ စပါး(စ်)က–၅ဖြစ်သည်။ ရှေ့ပွဲတွင် ဖူလ်ဟမ်းက စိန့်နှင့် ကစားရမည်ဖြစ်ပြီး စပါး(စ်)က ပို့စ်မောက်နှင့် ကစားရမည်။

လီဗာပူး–အဲဗာတန်

အဆင့်(၅) လီဗာပူးနှင့် အဆင့်(၁၄) အဲဗာတန်တို့ ကစားကြမည်။ လီဗာပူးက ၃၃ မှတ်၊ အဲဗာတန်က ၂၄ မှတ် ရထားကြသည်။

စပါး(စ်)နှင့် ကစားခဲ့သော ပွဲစဉ် ၂၂ တွင် လီဗာပူးသည် ခြေသာသော်လည်း ရှုံးသည်။ အချိတ်အဆက် ကောင်းသော်လည်း ဂိုးပေါက်ချော်နေသည်။ ချာလ်တန်နှင့်ပွဲတွင် အဲဗာတန် ခြေရည်ကောင်းသည်။ တစ်ချိန်လုံး ဖိကစားနိုင်ခဲ့သည်။ ပွဲစဉ်(၂၂) ခြေအရကြည့်လျှင် အဲဗာတန်က ပိုကောင်းနေသည်။

လီဗာပူးကွင်းမှာ ကစားရမည်။ ပထမအကျော့ မတွေ့ခင်က လီဗာပူး ခြေရည်ညံ့နေသည်။ နှစ်သင်းဆုံသည့်အခါ အဲဗာတန်နိုင်မည်ဟု ခန့်မှန်းခဲ့ကြသည်။ သို့သော် လီဗာပူးက သုံးဂိုး–ဂိုးမရှိဖြင့်နိုင်သည်။

ယခုပွဲကို သရေလောက်သာ ဖြစ်မည်ဟုထင်သည်။ အကယ်၍ လီဗာပူးနိုင်လျှင်လည်း ပွတ်ခါသီကာ ဖြစ်မည်။ ပေးဂိုးသွင်းဂိုး ကွာခြားချက်မှာ လီဗာပူး +၈၊ အဲဗာတန် –၄ ဖြစ်သည်။ ရှေ့ပွဲတွင် လီဗာပူးက ဘော်လ်တန်နှင့် ကစားရမည်ဖြစ်ပြီး အဲဗာတန်က မန်ယူနှင့် ကစားရလိမ့်မည်။

ချာလ်တန်–ဘော်လ်တန်

အဆင့်(၄) ချာလ်တန်နှင့် အဆင့်(၁၀) ဘော်လ်တန်တို့ ကစားကြမည်။ ချာလ်တန်က ၃၇ မှတ်၊ ဘော်လ်တန်က ၂၉ မှတ်ရထားသည်။

ပွဲစဉ်(၂၂) အဲဗာတန်ပွဲ၌ ချာလ်တန်ညံ့သည်။ အဲဗာတန်၏အောက်မှ လိုက်ကစားခဲ့ရသည်။ ဂိုးသမားနှင့် နောက်တန်းကောင်း၍သာ နိုင်ခြင်းဖြစ်သည်။ ပို့စ်မောက်နှင့် ကစားသော ခြေအရဆိုလျှင် ဘော်လ်တန် အားမထည့်ဘဲ ကစားခဲ့သည်။ ကွင်းလယ်အချိတ်အဆက်ကောင်းသလောက် ရှေ့တန်းဂိုးပေါက်ချော်နေသည်။ နောက်ဆုံးပွဲ ခြေရည်အရ ဆိုလျှင် အတူတူလောက်ပဲရှိသည်။ ပကတိခြေရည်မှာ ချာလ်တန်က ပိုကောင်းသည်။ ကစားကွက်၊ ကစားအား သာသည်။

ချာလ်တန်ကွင်းမှာ ကစားရမည်။ ပထမအကျော့ နှစ်သင်းမတွေ့မီက ချာလ်တန်ခြေရည်က ပိုကောင်း နေသည်။ ဘော်လ်တန်မှာ ခြေပျက်လျက်ရှိသည်။ နှစ်သင်းတွေ့သည့်အခါ ချာလ်တန်နိုင်မည်ဟု ခန့်မှန်းကြသည်။ သို့သော် ဂိုးမရှိ သရေကျခဲ့သည်။

လက်ရှိအနေအထားတွင် နှစ်သင်းစလုံး နိုင်ပွဲများ ဆက်နေကြသည်။ ရှေ့ပွဲတွင် နှစ်သင်းစလုံး ကျပ်သည်။ ချာလ်တန်က ချယ်လ်ဆီးနှင့် ကစားရမည်။ ဘော်လ်တန်က လီဗာပူးနှင့် ကစားရမည်။ ထို့ကြောင့် ယခုပွဲကို သရေလောက်ပဲ မှန်းမိသည်။ အကယ်၍ အနိုင်အရှုံး အဖြေထွက်လျှင် ချာလ်တန်ပဲ ဖြစ်ဖို့များသည်။ ဂိုး ကွာခြားချက် သိပ်ကြီးမည်မဟုတ်။ ပေးဂိုးသွင်းဂိုး ကွာခြားချက်မှာ ချာလ်တန်က +၈၊ ဘော်လ်တန် –၇ ဖြစ်သည်။

ဖေဖော်ဝါရီ (၁) ရက်
(တနင်္ဂနွေနေ့)
ဘလက်ဘန်း–ချယ်ဆီး

အဆင့်(၁၆) ဘလက်ဘန်းနှင့် အဆင့် ၃ ချယ်ဆီးတို့ ကစားကြမည်။ ဘလက်ဘန်းက ၂၃ မှတ်၊ ချယ်လ်ဆီး က ၄၆ မှတ်ရထားသည်။

ပွဲစည်(၂၂) မန်စီးတီးနှင့်ပွဲတွင် ဘလက်ဘန်းကစားပုံ၊ ကစားကွက်ကောင်းသည်။ သို့သော် ဂိုးသွင်းခွင့်များကို ဖြုန်းတီးခဲ့သည်။ ဘာမင်ဂမ်ကို ကစားသော ချယ်ဆီးခြေမှာလည်းညံ့သည်။ တစ်ယောက်နှင့် တစ်ယောက် အချိတ်အဆက်မရှိဘဲ ကစားနေကြသည်။ ၎င်းခြေရည်များအရ ဆိုလျှင် နှစ်သင်းစလုံး ခြေရည်ညီကြသည်။ ပကတိ အခြေအနေကြည့်လျှင် ချယ်လ်ဆီးက ခြေရည်ပိုကောင်းသည်။ ကစားကွက် ကစားအားသာသည်။

ဘလက်ဘန်းကွင်းမှာ ကစားရမည်။ ပထမအကျော့ နှစ်သင်းမတွေ့မီက ဘလက်ဘန်း ခြေရည်မှာ သင့်ရုံပဲရှိသည်။ ဝုလ်ဖ်ကို နိုင်ပြီး ဘော်လ်တန်အား သရေကျသည်။ မန်စီးတီးကို ရှုံးသည်။ ချယ်ဆီးက ဘာမင်ဂမ်ကို သရေကစားသည်မှလွဲ၍လီဗာပူးနှင့် လက်စတာကို နိုင်သည်။ နှစ်သင်းတွေ့သည်အခါ ချယ်ဆီးနိုင်မည်ဟု တွက်ကြသည်။ သို့သော် နှစ်ဂိုးစီသရေကျသည်။

ယခုပွဲတွင် နှစ်သင်းစလုံး အမှတ် လိုနေကြသည်။ ချယ်ဆီးက အမှတ်ပိုလိုချင်နေသည်။ ထို့ကြောင့် ချယ်ဆီးနိုင်အောင် ကစားရမည်။ နိုင်ချေလည်းရှိသည်။ တစ်လုံးနှစ်လုံးလောက် ပြတ်လိမ့်မည်။ ပေးဂိုး၊ သွင်းဂိုး ကွာခြားချက်မှာ ဘလက်ဘန်းက –၄ ၊ ချယ်ဆီး +၂၃ ဖြစ်သည်။ ရှေ့ပွဲတွင် ဘလက်ဘန်းက ဘိုရိုနှင့် ကစားရမည်။ ချယ်ဆီးက ချာလ်တန်နှင့် ကစားရမည်။

အာဆင်နယ်–မန်စီးတီး

အဆင့်(၁) အာဆင်နယ်နှင့် အဆင့် ၁၅ မန်စီးတီးတို့ ကစားကြမည်။ အာဆင်နယ်က ၅၂ မှတ်၊ မန်စီးတီးက ၂၃ မှတ်ရသည်။

ပွဲစဉ် (၂၂)၌ အာဆင်နယ်သည် ဗီလာ၏ ခံကန်ခြင်းကို ခံရသည်။ သို့သော် အာဆင်နယ်သည် ကွင်းလယ်ကို ကောင်းစွာ ထိန်းကစားသွားနိုင်သည်။ မန်စီးတီးသည် ဘလက်ဘန်းနှင့်ပွဲ၌ ကစားပုံညံ့သည်။ အောက်မှ လိုက်ကစားခဲ့သည်။ ပွဲစဉ် (၂၂) ခြေရည်ကို ကြည့်လျှင် အာဆင်နယ်က မန်စီးတီးထက်ကောင်းသည်။ မန်စီးတီးမှာ အာဆင်နယ်ကို ခံကန်နိုင်သော ခြေရည်ရှိသည်။ မန်စီးတီး ကစားလျှင် ပွဲကောင်းဖြစ်နိုင်သည်။

အာဆင်နယ်ကွင်းမှာ ကစားရမည်။ ပထမအကျော့ မတွေ့မီက နှစ်သင်းစလုံးခြေစွာနေကြသည်။ ထို့ကြောင့် နှစ်သင်းတွေ့သည့်အခါ သရေပွဲဖြစ်မည်ဟု မှန်းကြသည်။ သို့သော် အာဆင်နယ်က နှစ်–တစ်ဖြင့် နိုင်သည်။

ယခုပွဲတွင် အာဆင်နယ်နိုင်ချေရှိသည်။ မန်စီးတီးသည် ပွဲစဉ် (၁၂)မှစပြီး တစ်ပွဲမှ မနိုင်သေး။ သရေပွဲသာရခဲ့သည်။ နောက်ဆုံးအောက်ထစ် အာဆင်နယ်သရေအထိ ကစားနိုင်သည်။ ပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ အာဆင်နယ်က +၂၈၊ မန်စီးတီး –၂ ဖြစ်သည်။ ရှေ့ပွဲတွင် အာဆင်နယ်က ဝုလ်ဖ်နှင့် ကစားရမည်။ မန်စီးတီးက ဘာမင်ဂမ်နှင့် ကစားရလိမ့်မည်။

နွေရာသီအင်္ဂလိပ်စာသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

ကလေးများအတွက် နွေရာသီ ကျောင်းပိတ်ရက် Kid’s Course သင်တန်းတွင် ကလေးငယ်များ ဉာဏ်ရည်တိုးတက်စေရန် ပန်းချီဆွဲ ခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ အင်္ဂလိပ်စာ စကားပြော အသံထွက်လေ့ကျင့်ခြင်း၊ သင်္ချာနှင့်အထွေထွေဗဟုသုတများကို ကွန်ပျူတာဖြင့် လေ့ကျင့်ပေးမည်ဖြစ် ပြီး ကွန်ပျူတာဖြင့် စာရိုက်ခြင်း၊ စာရင်းပုံစံရေးဆွဲခြင်း၊ ပုံများ၊ စာသားများကို Animation effectထည့်ခြင်း၊ Graphic Design များကို ဖန်တီး ခြင်းတို့ကို ကလေးများ၏ ဉာဏ်ရည်အလိုက် သင်ကြားပေးသည်။

ဆက်သွယ်စုံစမ်း

လုပ်ငန်းခွင်တွင် လက်တွေ့အသုံးပြုနိုင်သည့် ကွန်ပျူတာ အခြေခံ သင်တန်း (Window XP)၊ ကွန်ပျူ တာကျွမ်းကျင်မှုအဆင့်မြင့်သင်တန်း Advanced Course, Graphic Design ဖန်တီးခြင်းများကိုလည်း ပို့ချပေးမည်။ အသေးစိတ်သိလိုပါက (mmt Computer Center) အမှတ်၂၀၀၊ ၃၉လမ်း(အလယ်) ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း–၇၀၇၅၆၆၊ ၀၉–၈၀–၂၁၈၃၀ နှင့် Fax–၆၅၀၈၉၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

သီတဂူကြယ်တစ်ပွင့်တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၉

မန္တလေးပြည်ကြီးတံခွန် တံခွန်တိုင် တပါတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယဓမ္မကထိကဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာ နန္ဒသည် တပို့တွဲလဆန်း ၉ ရက်တွင် ဝက်လက်မြို့ ရွာသစ်ရွာ၊ ၁၀ရက် တွင် မလှိုင်မြို့ သရက္ကောင်းမင်ရွာ၊ ၁၁ရက်တွင် မတ္တရာမြို့ ၂၄ ဆူ ဗုဒ္ဓပူဇနိယပွဲ၊ ၁၂ရက်တွင် အမရပူရမြို့ ကန်တော်ရပ်၊ ၁၃ရက်တွင် မန္တလေး စက်မှု(၁) ဇီဇဝါလမ်း၊ ၁၄ရက်(ဆည်းဆာ)တွင် စစ်ကိုင်းမြို့ ပန်းချီရွာ၊ ညတွင် မန္တလေး ၁၉ လမ်း ဘုရားငါးဆူ ထီးတင်ပွဲ၊ ၁၅ ရက်တွင် မန္တလေး ၁၀ x ၁၁ ကြား ၇၈လမ်း ဒေါင်းဝါအလှူတို့၌ တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

အဖိုးတန် ဟာသပုံပြင်များ ကလေးများအတွက် ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၉

စာရေးဆရာ သူရထက်၏ ကလေးများအတွက် အဖိုးတန်ဟာသပုံပြင်များ စာအုပ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ် ၁၅၃၊ (၅/ကလွှာ) Quality Publishing House စာအုပ်တိုက် ဖုန်း-၇၂၁၀၆၇ နှင့် ၇၀၆၄၁၄ တို့က မြန်မာတစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။ (က-ပ)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ် (၈) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံဖွံ့ဖြိုးရေး အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က အဆိုပါကျောင်း ဗထူးခန်းမ၌ ကျင်းပရာ ကျောင်းလုပ်ငန်းထူးချွန်ဆုရရှိသူ အလယ်တန်းပြဆရာမ ဒေါ်ယဉ်ယဉ်နွဲ့အား ကျောင်းအုပ်ဆရာကြီး ဦးထွန်းညွှန့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

နှမ်းမနဲထိုးပွဲ လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၌ နှမ်းမနဲထိုးပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ စတင်ကျင်းပ၍ ဖေဖော်ဝါရီ ၄ ရက် ညနေ ၃ နာရီမှစ၍ ရွှေဘုန်းပွင့် ဓမ္မာရုံကြီးတွင် စတုဒိသာကျွေးမွေး လှူဒါန်းကြမည်ဖြစ်သည်။အလှူရှင်များ ဖုန်း-၂၉၀၄၂၅ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စကားပြော၊ သဒ္ဒါသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

အင်္ဂလိပ်ဘာသာ စကားပြောနှင့် သဒ္ဒါသင်တန်းများကို ဆရာ ဦးအောင်ဟိန်း ဦးစီး၍ လစဉ် လဆန်းတိုင်း တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်သည်။

သင်ကြားပို့ချ

Spoken English, General English, Translation, Tourism English, TOFEL, IELTS, Business English တို့ပြင် အခြား နိုင်ငံခြား ဘာသာစကားပြောများကို ကျွမ်းကျင်သော အတွေ့အကြုံရင့် ဆရာ၊ ဆရာမများ စုစည်းမှုဖြင့် လစဉ် တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိရာ သင်တန်းတက်ရောက်လိုသူများနှင့် စိတ်ဝင်စားသူများသည် အောက်ပါလိပ်စာများတွင် စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်စုံစမ်း

အမှတ် ၂၁၄၊ ဒု-ထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား၊ GP Center-1 အမှတ်-၅၊ ဖေယျာသီရိလမ်း (အာရုံနေဘဏ်ဘေးလမ်း)၊ လှည်းတန်း၊ ကမာရွတ်၊ ရန်ကုန် ဖုန်း-၅၃၇၂၃၁ နှင့် GP Center-2 အမှတ်-၁၁၇၊ တ-ထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား၊ ရန်ကုန် ဖုန်း-၂၅၆၇၉၆ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စက်မှုလက်မှု အထက(၁)အငြိမ်းစားဆရာမကြီးများ အဘိုးအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

၁၉၅၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း နတ်မောက် စက်မှုလက်မှု အထက(၁) မှ ကျောင်းဆင်းပြီးသော ကျောင်းသားဟောင်းများက အသက် ၆၀ ကျော် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ် ပူဇော်ပွဲကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေကျင်သာသနလင်္ကာရ မဟာဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေ ထည့်ဝင်လိုသူများသည် ဦးကြည် ဖုန်း-၅၇၂၇၀၇၊ ဦးလှထွန်း ဖုန်း-၀၉-၈၀-၂၂၉၅၆၊ ဦးသိန်းဝေ ဖုန်း-၅၁၂၉၁၈၊ ဦးအေးကြူ ဖုန်း-၆၄၁၉၁၂၊ ဦးထွန်းရီ ဖုန်း-၅၄၀၈၀၂၊ ဦးသန်းထွန်း ဖုန်း-၀၂-၆၂၁၅၁၊ ဦးသန်းဝင်း ဖုန်း-၅၉၂၀၂၈၊ ဦးမြင့် ဖုန်း-၅၈၀၂၂၃၊ ဦးအုန်းမြင့် ဖုန်း-၆၄၀၅၈၇၊ ဦးတင်အေး ဖုန်း-၀၉-၈၀-၃၁၈၉၉၊ ဦးစိုးတင့် ဖုန်း-၀၉-၉၀-၂၂၅၂၇၊ ဦးအောင်သန်း ဖုန်း-၇၂၄၈၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပညာရှင်အဆင့် အိုင်စီတီနည်းပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

Myanmar Information Technology (MIT) နှင့် Queen Star Computer Center တို့ ပူးပေါင်းဖွင့်လှစ်သော Myanmar Professional Education Center (MPEC) မှ ကြီးမှူးကျင်းပသည့် Education For ICT Professional Seminar ကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီမှ ၁၂ နာရီထိ MICT Park (Conferance Hall)တွင် ကျင်းပမည်ဖြစ်ပါသည်။

အခမဲ့တက်ရောက်နိုင်

ဟောပြောမည့် ဘာသာရပ်များသည် Software Engineering & Project Management, System and Database Administration (Linux, Solaris, Oracle Fundamental), Oracle DBA Certification တို့ဖြစ်ပြီး ဘာသာရပ်များအကြောင်းကို Myanmar Information Technology (MIT) မှ ဦးရဲသူရသက်၊ ဦးအောင်စိုးသာနှင့် ဦးနေလင်းသန်းတို့က ရှင်းလင်းပြောကြားမည်ဖြစ်သည်။ ကျောင်းသားလူငယ်များနှင့် (IT) ပညာရှင်များအတွက် အထူးရည်ရွယ်ပြီး ဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူတိုင်း မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ပေးအပ်လှူဒါန်း

ဇန်နဝါရီ ၂၇ ရက်က ပြည်ပရောက် မြန်မာဆရာဝန်များအသင်း ဥက္ကဋ္ဌ Dr. Parkahs Singh Talwar က တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းမြင့်ထံ ခွဲစိတ်ခန်းသုံး ပစ္စည်းများနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမြန်ငှားမည်

60x80(၂)ထပ်၊ 3BR;Ph;... 90x100(၂)ထပ် Ph;3MBR;2BR;5A/C; ...(condo)1250(၅)R.T;Ph;2A/C;... (condo)1250(၅)R.T;Ph;A/C;Lift;...

221184,211642,09-99-27497

ရှယ်ယီ(1)

Ph : 560339, 201771

အမြန်ဆက်သွယ်ပါ။

Ph : 548209,09-80-24117

TANDEM CAR RENTAL

☎ 298472 / 297201

09-8030239

CAR ... RENTAL

Ph: 720689, 713696, 249380

"အင်္ဂလိပ်စကားပြော နှင့် ကွန်ပြူတာ သင်တန်းများဖွင့်လှစ်ခြင်း"

Stanford-City Business Institute မှ ... Elementary, Intermediate I & II, Advance, Proficiency, TOEFL နှင့် IELTS ... Computer ... Microsoft Word, Excel, Access ... Desktop Publishing Course နှင့် Computerized Accounting Programme ...

... FMI Center ...

ဆိုင်ဖွင့်ရန်အကောင်းဆုံး ငှားမည်/ ရောင်းမည်

*ဗိုလ်ချုပ်ဈေးအနီး(၂၈)လမ်း၊ တိုက်ခန်းကျယ်များ၊ မြေညီလွှာမှ (၆)လွှာထိ ငှားမည်။

*ရေကျော်တိုက်သစ် ရောင်းမည်။

ဖုန်း-၂၉၈၉၈၀။

ကားလချုပ်ငှားမည်

With/ Without. Driver

ကားမျိုးစုံ အစဉ်သင့်ရှိသည်။

Golden Hope Int'l.Ltd.

Ph:202377, 703220.

ဓမ္မဒူတ အရှင်ဆေကိန္ဒ

ဟောကြားတော်မူသော

တရားရှိမရှိသိပါတယ်

၁၁၃/၀၄

၂-၁-၀၄

(တရားတော် VCD)

THREE STAR

Air -Con ၊ ရေခဲသေတ္တာ ပြုပြင်၊ တပ်ဆင်၊ ရောင်းဝယ်ရေး (Good Second Air-Con) များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေပါသည်။

ဖုန်း-၇၀၅၇၈၄။

YOMA PH - 223902

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁	ဦးတင်မြင့်	၁၂/ကမတ(နိုင်)၀၅၄၁၆၄	၇၁၊ ဗိုလ်စောပုလမ်း	ကြည့်မြင်တိုင်	၂၆F/၂	၁၆	မစိန်မွေး + ၄	အမည်ပြောင်း
၂	ဒေါ်အေးအေးချို + ၉	၁၂/အလန(နိုင်)၀၂၉၅၃၅	၆၀/၆၂၊ ရေတာ၀တီလမ်း၊ အလုံမြို့နယ်	အလုံ	၂၃H	၆၉ နှင့် ၇၀	ဦးသန်းမြ + ၃	ဂရန်မိတ္တူ
၃	ဦးအိုက်မွန်း	၁၃/လရန(နိုင်)၀၂၀၉၇၉	၉၇၇/၂၈၊ မြေကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၈	၉၇၇	ဦးအိုက်ရောက်စီ(ခ)ဦးအိုက်ဆေး	ဂရန်သစ်
၄	ဒေါ်တင်တင်မို့(ဘီအေစ်)	၁၂/အလန(နိုင်)၀၀၉၅၆၆	၁၇၊ ကျောင်းကြီးလမ်း	ကြည့်မြင်တိုင်	၂၆စီ	၂၇၃	ဦးမောင်မောင် + ၁	မြေပုံကူး
၅	ဦးကျော်စိုး	၁၂/ဗဟန(နိုင်)၀၃၃၁၈၅	၄၀၊ ကမ္ဘာ့အေးစေတီလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်	ဗဟန်း	၃၅ အီး	၅၈/၂	မောင်ဝင်းမောင် + ၄	အမည်ပြောင်း
၆	ဦးစိုးသန်းကျော်	၁၃/ကတန(နိုင်)၀၂၄၉၇၀	(၃၃)၊ ပန္နက်လမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၇စီ	၂၉/A	ဒေါ်ပန်းမွှေးရီ(ခ)ဒေါ်ခင်မိမိရီ	အမည်ပြောင်း
၇	ဒေါ်မြသီ	၁၂/ဗဟန(နိုင်)၀၇၈၀၀၇	၃၁၂၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း	ဗဟန်း	၂ အီး	၄၂၁A/၁၀-B	ဦးဘိုးထိုက်	အမည်ပြောင်း
၈	ဦးဆွေညွန့်	၁၂/ဥကတ(နိုင်)၀၄၆၂၃၇	၆၅-F ဖယောင်းလမ်း၊ ၃/ရပ်ကွက်၊ တ/ဥ	တ/ဥက္ကလာပ	၃/ခ	၆၅- F	ဦးဆွေညွန့် + ၁	အမည်ပြောင်း
၉	ဦးအောင်သသွန်း	၁၂/သဃက(နိုင်)၀၂၈၈၄၇	(၄/ခ)၊ ဓမ္မဒီပလမ်း၊ ဗိုလ်ကြီးညွှန့်ရပ်ကွက်	သင်္ဃန်းကျွန်း	၂၈/က	၃/ယ +၂/ယ	ဒေါ်ဝင်းမြင့်	အမည်ပြောင်း
၁၀	ဦးမြင့်ဆွေ +၁	၁၂/လမတ(နိုင်)၀၁၂၃၂၄	၁၂၄၊ ၁၄ လမ်း	လမ်းမတော်	၂၂အီတိမ်ပီ	V-၂၄	ဒေါ်ရီ	မြေပုံကူး
၁၁	ဒေါ်သစ်ထွဋ်	၁၂/ဗဟန(နိုင်)၀၅၄၁၁၇	၃၁၊ အင်းယားမြိုင်လမ်း၊ ရွှေ(၁)၊ ဗဟန်း	ဗဟန်း	၃၆ ဂျီ	၇၁စီ/၁ဒီ	ဒေါ်သန်းတင်	အမည်ပြောင်း
၁၂	[illegible]	၁၂/ကတတ(နိုင်)၀၀၀၆၇၇	၁၃၈/၁၈၅၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား	ကျောက်တံတား	၁၃F 2	S ¼ of II 8, 2nd S ¼ of II 8	Sher Banoo Begum+ 7others	အမည်ပြောင်း
၁၃	ဦးဆွေဝင်း	၁၂/သကတ(နိုင်)၀၂၉၈၀၆	၁၇၈/၁၈၀၊ ၃၆ လမ်း	ကျောက်တံတား	၁၃E 2	IV. 8	Ismail Mahomed Ahmed Dawoodiee	အမည်ပြောင်း
၁၄	ဦးတင်မြင့်	၁၂/စခန(နိုင်)၀၅၇၉၄၉	၅၁စီ၊ အင်းသားမြိုင်လမ်း၊ ဗဟန်း	ဗဟန်း	၃၆ K	၁၁၁တီ/ ၅-၁	[illegible]	အမည်ပြောင်း
၁၅	ဒေါ်ခင်စန္ဒာထွဋ်	၁၄/ပသန(နိုင်) ၀၁၅၇၅၂	မော်တင်ရပ်ကွက်၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့	ဒဂုံမြောက်	၄၁	၄၁၅	ဦးဟုတ်စိန်	အမည်ပြောင်း
၁၆	ဒေါ်ခင်ခင် (ခ)ကွင်ခင်ချွန်း	၁၂/ဗတထ(နိုင်)၀၂၄၀၀၉	(၁၅၁)၊ ပန္နက်လမ်း၊ ဒဂုံ	ဒဂုံ	၂၀F	၉၅အေ/၃	ဦးကျော်ဝင်း	အမည်ပြောင်း
၁၇	ဒေါ်ရွှန်းမွှေးကြိုင်	၉/မနမ(နိုင်) ၀၃၀၆၃၅	၁၃၁၊ သံလွင်လမ်း၊ ဗဟန်း	ဗဟန်း	၃၆ ဂျီ	၇၅ဘီ/၁	ဒေါ်ခင်မြကြီးဝင်းဝတ်ထွန်း +၁	အမည်ပြောင်း
၁၈	ဒေါ်အေးကြူ	၁၂/စခန(နိုင်)၀၂၇၇၀၀	၃၇၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်	စမ်းချောင်း	၂၇ B	၄၆	ဦးချစ်စိန်	အမည်ပြောင်း
၁၉	ဒေါ်ခင်ညိုညိုမြင့်	၁၂/လသယ(နိုင်) ၀၂၄၁၁၃	၂၅(က)၊ ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်	လှိုင်	၁၃	၂၅/က	ဦးစိုးနိုင် + ၁	အမည်ပြောင်း
၂၀	ဦးထွန်းအေး + ၁	၁၂/ဗဟန(နိုင်)၀၀၆၄၉၉	အမှတ် - ၃၅၉၊ ရွှေနံ့သာလမ်း၊ ရပ်ကွက် (၇)	မရမ်းကုန်း	၃၅ သမိုင်း	၁/...	ဦးမြင့်ကြိုင် + ၁	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၂ခ/၅၇၂၄ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

အမည်ပြောင်းခြင်း

တောင်ဥက္ကလာပမြို့၊ (၉)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၉၉၁)နေ အဘ ဦးကျော်ဝင်း၏သား ကိုအောင်ကျော်မိုး [၁၂/ဥကတ (နိုင်) ဝ၂၃၅၈၈] အား ကိုအောင်ကျော်ကျော်ဟုလည်းကောင်း။ အဘ ဦးလှမြင့်၏သမီး မမြင့်မြင့် [၁၂/အစန(နိုင်)၁၆၅၀၂၆]အား မခင်ဆုရည်ဟု ယနေ့မှ စ၍ ပြောင်းလဲခေါ်ပါရန်။

ကိုအောင်ကျော်ကျော်၊ မခင်ဆုရည်။

အမည်ပြောင်းခြင်း

ဦးအောင်ဝင်း၏သား အထက (၅)၊ ကမာရွတ်၊အဋ္ဌမတန်း(B)မှမောင်အောင်ကောင်းဆက်အားမောင်ကောင်းခန့်ဝင်းဟု အမည် ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းခန့်ဝင်း။



မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မောင်တောမြို့နေ (ဦးသာကျော်)–ဒေါ်အေးကျော့တို့၏သား
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊
ဒဂုဏ်သီရိလမ်း၊ အမှတ်(၇၇)နေ

မောင်ကျော်မင်းထွန်း နှင့်

တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်ဘာလေလမ်း၊ အမှတ်(၁)နေ ဦးသန်းအောင် (အလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တာမွေမြို့နယ်)–ဒေါ်လှဌေး (အမှတ်–၇၂၈၊ ပထမထပ်၊ အဆင့်မြင့်မင်္ဂလာဈေး)တို့၏သမီးဦး

မလဲ့လဲ့ဝါ Final Year (History)

တို့၏ ၂၉–၁–၂၀၀၄နေ့တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးများနှင့် ဆွေမျိုး မိတ်သင်္ဂဟအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မင်းထွန်း–မလဲ့လဲ့ဝါ။

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

တနင်္သာရီတိုင်း၊ ယုဇနဆီအုန်းစိုက်ပျိုးရေးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။ (မြန်မာကျပ်ငွေဖြင့်သာ)

၁။ **M.B.,B.S** (၅) ဦး

လုပ်သက်ရှိသူ ဦးစားပေးမည်။ လစာကောင်းမည်။

၂။ **လက်ထောက်ကျန်းမာရေးမှူး (H.A)** (၅) ဦး

၃။ **စိုက်ပျိုးရေးဝန်ထမ်း** ကျား (၁၅) ဦး

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊ B.Agr, Dip. Agr, စိုက် အထကအောင် လျှောက်လွှာများကို ယုဇနစင်တာ (တတိယထပ်) အမှတ်(၁၃၀)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် (၁၂–၂–၂၀၀၄)ရက် နောက်ဆုံးထားပြီး အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လိုအပ်သောအထောက်အထားများယူ၍ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဒဂုံသီရိလမ်း၊
အောင်မင်္ဂလာအိမ်ရာဥယျာဉ်၊ တိုက်အမှတ်(၅)နေ
ဦးတင်ရီ(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)–ဒေါ်စိုးစိုးနွယ်
(အလယ်တန်းပြဆရာမ၊ ငြိမ်း)တို့၏သားကြီး

မောင်ကျော်ကျော်လွင်
B.E(Mechanical) M.P.A (1st Year)
ဦးစီးအရာရှိ(အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)
နှင့်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊လှည်းတန်း၊ပန်းခြံလမ်း၊အမှတ်(၁၃)နေ
ဦးမိုးအောင်–ဒေါ်ခင်လေးရီတို့၏သမီးကြီး

ဒေါက်တာမိုးဖြူဖြူအောင် M.B.,B.S°(Ygn)

တို့၏ ၂၄–၁–၂၀၀၄နေ့တွင် Panda Hotel(ပတ္တမြားခန်းမ)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်နှင့်ဇနီး ဒေါ်ဝေဝေသင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးညွန့်(ငြိမ်း)နှင့်ဇနီး ဒေါ်ဝင်းဝင်းပု၊ ၂၂–၁–၂၀၀၄ရက် နံနက်ပိုင်းတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးခင်မောင်ကြီး၊ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ အသိအမှတ်ပြုသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ကူညီပေးကြသူများအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ကျော်လွင် – ဒေါက်တာမိုးဖြူဖြူအောင်။

ကိုဌေးမောင် ဖြိုး

ခန်းဆီး၊ လိုက်ကာ၊ မွေ့ရာနှင့် အိပ်ရာခင်းအမျိုးမျိုးတို့ကို
အိမ်တိုင်ရာရောက် တပ်ဆင်ပေးပါသည်။
အမှတ်(၂၂၃)၊ မြေညီထပ်၊ ဗဟိုလမ်း၊ ရှမ်းလမ်းဝစျေးရှေ့၊
စမ်းချောင်းမြို့နယ်၊ ☎ ၇၂၄၈၅၂။

URGENTLY REQUIRED
(LOCAL SERVICE ONLY)
ATTRACTIVE SALARY IN KYAT

WE, TRADITIONS, NEED URGENTLY AS PER FOLLOWING POSITIONS:-

(1)FINANCIAL CONTROLLER/ MALE/FEMALE (1)POST

CHIEF ACCOUNTANT

REQUIRED QUALIFICA TIONS

MUST BE A HOLDER OF B.Com(C.P.A) OR ANY HIGHER DEGREE IN THE RELATED FIELD AND MUST HAVE MINIMUM (5) YEARS EXPERIENCE WORKING WITH FOREIGN COMPANY IN THE RELATED FIELD.

VERY GOOD COMMAND OF ENGLISH IS ESSENTIAL

MUST BE ABLE TO WORK UNDER PRESSURE

MUST BE COMPETANT WITH OFFICE APPLICATION AND SPECIALLY WITH THE ACCOUNTING SOFTWARE

(2) SECRETARY (1) POST

REQUIRED QUALIFICATIONS

MUST HAVE A UNIVERSITY GRADUATE AND MINIMUM (5) YEARS EXPERIENCE WORKING WITH FOREIGN COMPANY IN THE RELATED FIELD.

VERY GOOD COMMAND OF ENGLISH IS ESSENTIAL

MUST BE COMPETANT WITH OFFICE APPLICATION MAINLY EXCEL, MICROSOFT WORD.

MUST BE ABLE TO WORK UNDER PRESSURE

INTERESTED CANDIDATES CAN SEND A C.V TOGETHER WITH THE RELEVANT DOCUMENTS/COPY OF LABOUR REGISTRATION/ 2 RECENT PHOTOS TO:-

P.O BOX. 1062 OR

TRADITINS (MYANMAR)
24 INYAMYAING ROAD, GOLDEN VALLEY, YANGON.
INFRONT OF MINGALAR GARDEN HOTEL



မြင့်မိုရ်ဦး (M.M.O)

ခရီးသွားလုပ်ငန်းမှ မြို့တွင်း၊ မြို့ပြင်၊ လချုပ်(၂၄)နာရီ ကားစီးလုံး ငှားသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။

ဖုန်း–၀၁–၆၅၁၈၃၃၊
၀၉–၅၀–၁၂၅၁၉။

တိုက်ခန်းရောင်းရန်ရှိသည်

မြေနီကုန်း ယုဇန Super Market အနီးရှိ မဟာဗောဂလမ်း၊ မြေညီထပ်နှင့် (ပ)ထပ် တစ်စုံ။

ဖုန်းနံပါတ်–၃၀၀၁၅၉။

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
လစာငွေ – မြန်မာကျပ်ငွေဖြင့်

သာကေတ ပရိဘောဂစက်ရုံတွင် အလုပ်လုပ်ကိုင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသည့် ဝန်ထမ်းများ အမြန်ဆုံး ခန့်ထားလိုပါသည်။

၁။ ကူရှင်ချုပ်လုပ်ကျွမ်းကျင်သူ မ (၂) ဦး
ကူရှင်ချုပ်လုပ်သည့် အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ခန့်ရှိရမည်။

၂။ စက်ပစ္စည်းကိုင်တွယ်မှုကျွမ်းကျင်သူ ကျား (၂) ဦး
ပရိဘောဂပြုလုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းများ ကိုင်တွယ်အသုံးပြုခဲ့သည့် အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ခန့်ရှိရမည်။

၃။ လက်သမား ကျား (၅) ဦး
ပရိဘောဂ ပုံထုတ် ပုံဖတ် ကျွမ်းကျင်သူဖြစ်ရမည်။
ပရိဘောဂပြုလုပ်သည့် စက်ရုံတွင် အလုပ်လုပ်ခဲ့သည့် အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ခန့်ရှိရမည်။

၄။ ယာဉ်မောင်း ကျား (၁) ဦး
အမှတ်စဉ်အားလုံးအတွက် ရိုးသားကြိုးစားပြီး အလုပ်ကို စိတ်ပါဝင်စားစွာ လုပ်ကိုင်လိုသူဖြစ်ရမည်။

စိတ်ပါဝင်စားသူများ ကိုယ်ရေးရာဇဝင်နှင့်အတူ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် ဓာတ်ပုံ(၂)ပုံ တစ်ပါတည်းယူဆောင်ပြီး နေ့စဉ် နံနက်(၈)နာရီမှ ညနေ (၄)နာရီအတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက် တွေ့ဆုံနိုင်ပါသည်။

ထရေးဒင်းရှင်းထရေးဒင်း ပရိဘောဂစက်ရုံ
ဒေါပုံနွယ်အေးရပ်၊ စိန်ကျော်ဆီစက်ဝင်းအတွင်း
သာကေတကျောက်တိုင်အနီး။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Multi Aquaculture & Livestock Trading Enterprise Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။

၁။ Production Engineer [B.E(Mech)] ကျား (၁) ဦး
၂။ Maintenance Engineer [B.E/A.G.T.I(Mech)] ကျား (၁) ဦး
၃။ Assistant Engineer [A.G.T.I(Mech)] ကျား (၁) ဦး
၄။ Graphic Desginer ကျား (၁) ဦး
၅။ Wholesale Promoter ကျား/မ (၃) ဦး
[Degree, Diploma, Certificate (Hoder)]
၆။ Sales ကျား/မ (၅) ဦး

အမှတ်စဉ်(၁၊ ၂၊ ၃၊ ၄၊ ၅)တို့သည် အထက်ဖော်ပြပါ ပညာအရည်အချင်းရှိသူဖြစ်ရမည်။ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ အမှတ်စဉ်အားလုံးသည် မိမိထမ်းဆောင်ရမည့် တာဝန်ကို လိုအပ်ချက်အရ နေရာဒေသမရွေးထမ်းဆောင်နိုင်ပြီး ခရီးဝေးသွားနိုင်သူဖြစ်ရမည်။ လျှောက်ထားသူများအားလုံးသည် မိမိကိုယ်ရေးရာဇဝင်၊ ကျွမ်းကျင်မှုလက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း စာတိုက်သေတ္တာအမှတ်(၃၅၁) (သို့) အမှတ်(၄၀၈/၄၁၀)၊ မဟာဗန္ဓုလလမ်း၊ ဆမ်ဆောင်းပလာဇာ၊ (၈)ထပ်သို့ ဆက်သွယ် လျှောက်ထားနိုင်ပါသည်။

အေမြိုင်

[illegible]

AIDS
ရောဂါနှိမ်နင်းရေး သတိပေးနှိုးဆော်ချက် [illegible]
HIV ... AIDS [illegible]

ရောင်းမည်
ဒဂုံ(မြောက်)၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းရှိ 40'x60' မြေနှင့် အိမ်၊ ရေ၊ မီးစုံ နေရာကောင်း။
ဖုန်း–၅၃၅၅၁၆။

ကျေးဇူးဆပ်ပါမည်
ဒေါ်လှမြင့် Passport No-272429 နှင့် ကိုဝင်းနိုင် Passport No-181586တို့၏ နိုင်ငံကူးစာအုပ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း–၂၄၂၈၇၇သို့ ဆက်သွယ်ပါရန်။ ကျေးဇူးဆပ်ပါမည်။

TREASURE LIGHT
A/c, Refre, Washing Machine,Deepfreezer, Water Heater, Cooler
ပြုပြင်ခြင်းများဆောင်ရွက်ပါသည်။
Ph: 505615, 505713.

ခြံရောင်းမည်
(နေရာကောင်း)
မရမ်းကုန်း၊ (၈)မိုင်၊ အေဝမ်းလမ်းမပေါ်၊ ၄၅' X ၁၁၀' အုတ်တံတိုင်းကာပြီး၊ ရေပါ။
ဖုန်း – ၅၃၆၅၃၁။

BRIGHTER
အဆင့်မြင့် ခန်းဆီးလိုက်ကာ
[illegible]

[illegible]
High Quality, Low Price.

* [illegible] *
Three Friends Co., Ltd.
Tel : 095-1-201121, 294864, 0980 34431

အများသိစေရန်သတိပေးတားမြစ်ချက်
ပတ်ဗလစ်ကာမော်တော်ယာဉ်အမှတ် သ/၇၇၅၂သည် ကျွန်မ ဒေါ်ပြုံးကြည် [၁၂/ဥကတ(နိုင်)၁၀၅၂၁၆]နှင့် ခင်ပွန်းတို့ပိုင်ဆိုင်သော မော်တော်ယာဉ်ဖြစ်ပါသည်။ ယင်းမော်တော်ယာဉ်နှင့်ပတ်သက်သည့် စာချုပ်၊ လိုင်စင်၊ စာအုပ်၊ စာရွက်စာတမ်းများမှာ ကျွန်မ၏လက်ဝယ်တွင်သာရှိပါသဖြင့် ယင်းမော်တော်ယာဉ်အား လွှဲပြောင်း၊ ငှားရမ်း၊ ပေါင်နှံ၊ ရောင်းချ၊ ဖျောက်ဖျက်ခွင့်မရှိပါကြောင်း အများသိစေရန် သတိပေးတားမြစ်အပ်ပါသည်။ **ဒေါ်ပြုံးကြည် [ဥကတ(နိုင်)၁၀၅၂၁၆]။**

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်
[illegible]

ဥပဒေအကြံပေး (L. L.B) [illegible]

ဝမ်းနည်းကြေကွဲခြင်း
စာရေးဆရာ မောင်လှမျိုး (ချင်းချောင်းခြံ)၏ ဖခင် ဦးဆိတ်ညွန့် အသက်(၆၇)နှစ်သည် ၂၇–၁–၂၀၀၄နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။
စိန်သရဖူစာပေ။

ဝမ်းနည်းကြေကွဲခြင်း
စာရေးဆရာ မောင်လှမျိုး(ချင်းချောင်းခြံ)၏ ကျေးဇူးရှင်မွေးသဖခင် ဦးဆိတ်ညွန့် ဆုံးပါးသွားကြောင်း သိကြားရပါသဖြင့် ဝမ်းနည်းကြေကွဲမိပါသည်။
ဆရာနှမ်ဂျာသိုင်း၊ ပန်းချီကျော်ပိုင်၊ ကာတွန်းအေးဝင်း၊ ကာတွန်းကျော်စကေး၊ ကာတွန်းစိုးမြတ်(ပြည်)၊ ကိုစစ၊ မောင်ညိုအေး(ပန်းတော)၊ မိုးနီလွင်၊ နိုင်မျိုးထွန်းနှင့် အင်ပါယာစာပေမိသားစု။

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

1. Engineer		
B.E (Electric Power)		(၃) ဦး
AGTI (Electric Power		(၃) ဦး
AGTI (Mechanical)		(၂) ဦး
AGTI (Civil)		(၂) ဦး
2. စာရင်းစစ်	(B.Com., C.P.A)	မ (၂) ဦး
3. စာရင်းကိုင်	[illegible]	မ (၂) ဦး
4. Cashier	[illegible]	မ (၅) ဦး
5. [illegible]		မ (၅) ဦး
6. [illegible]		ကျား (၅) ဦး
7. [illegible]		ကျား (၅) ဦး
8. [illegible]		ကျား (၅) ဦး

[illegible]

ဆက်သွယ်ရန်လိပ်စာ
[illegible]

ထူးခြားဆန်းကျယ်စာအုပ် ထုတ်ဝေရန်အတွက်
မြန်မာပြည်အရပ်ရပ်မှ ထူးခြားဆန်းကျယ်ဆောင်းပါးများကိုဓာတ်ပုံနှင့်တကွ ပေးပို့ကြပါရန် ဖိတ်ခေါ်ပါသည်။ **ဖုန်း–၅၄၀၉၃၄။**

အမည်ပြောင်းခြင်း
ဦးမြင့်သိန်း(MD,PPE)၊ ဒေါ်ကြည်ကြည်ဆွေတို့၏သမီး မစိုးစိုးမြင့် [၁၀/ကထန(နိုင်)၀၀၀၂၂၇]အား မအေးအေးခန့်ဟု ပြောင်းလဲခေါ်ပါရန်။
မအေးအေးခန့်။

အမည်ပြောင်းခြင်း
ဦးသိန်းနိုင် (TDG-039240)၊ ဒေါ်သန္တာသိန်းအောင်တို့၏ သမီး မအိန္ဒြေခြူးငယ်ဖြိုး (အထက–၂၊ ဒဂုံ၊ ဒုတိယတန်း)အား မလင်းနန္ဒာထက်ဟု ပြောင်းလဲခေါ်ပါရန်။
မလင်းနန္ဒာထက်။

ဦးကိုကိုအောင် (၁၂/ မဂတ(နိုင်)၁၁၇၉၉၉, Myanma Prestige) အပါအဝင် အစုရှင်များအားလုံးနှင့် အများပြည်သူသိစေရန်ကြေညာခြင်း

[illegible] The Decorators' Group [illegible] FORMULA -1 [illegible]

[illegible] The Decorators' Group [illegible]

ဒေါ်မာလာအေး
LL.B., H.G.P., D.B.L., D.M.L., D.A.Psy.
[illegible]

ဝမ်းနည်းကြေကွဲခြင်း

ဝဏ္ဏကျော်ထင် ဒေါက်တာဦးဘခက်

အသက်(၉၆)နှစ်

(ဆမ-၃၅)

လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)

အထက(၁) ဒဂုံ ဒသမတန်း Aမှ သူငယ်ချင်းမလွင်လွင်ခိုင်၏ ချစ်လှစွာသောအဘိုး ဝဏ္ဏကျော်ထင် ဒေါက်တာဦးဘခက်သည် ၂၂-၁-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါ၍ ချစ်သူငယ်ချင်း မိသားစုနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါသည်။ **ခြံ(၁၉) ယောက်လမ်းဝိုင်းမှ ချစ်သူငယ်ချင်းများ၊ အထက (၁) ဒဂုံ။**

ရဟန်းဒါယိကာမကြီး

ဒေါ်မြမြ(၇၆)နှစ်

(ကြို့ပင်ကောက်)

ရန်ကင်းမြို့နယ်၊ အမှတ် ၁၃၀/၁၂၊ သစ္စာရိပ်သာလမ်းနေ (ဦးကျော်လင်း-ဒေါ်ကျင်)တို့၏သမီး၊(ဦးတင်မောင်)၏ဇနီး၊ဗိုလ်ကြီးထွန်းထွန်းလတ်-ဒေါ်ခင်ယုမွန်၊ ဗိုလ်ကြီးမင်းမင်းလတ်-ဒေါ်မြင့်မြင့်ချို၊ မအိအိဟန်၊ မဟေဇင်ဦး၊ မဇင်မာဟန်၊ မပိုပိုကျော်၊ မောင်မြင့်မောင်မောင်၊ မောင်ဘိုဘိုလတ်၊ မတင်နှင်းယု၊ မစုစုဟန်၊ မပုံပုံတို့၏အဘွား၊ မပန်းသီရိထွန်း၊ မဆုသီရိစံတို့၏ အဘွားသည်၂၉-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက်၆း၁၀နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၁-၁-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီနာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေး၊မြစ်တစ်စု။

ရဟန်းဒါယိကာမကြီး

ဒေါ်မြမြ(၇၆)နှစ်

(ကြို့ပင်ကောက်)

ရန်ကင်းမြို့နယ်၊ အမှတ် ၁၃၀/၁၂၊ သစ္စာရိပ်သာလမ်းနေ (ဦးကျော်လင်း-ဒေါ်ကျင်)တို့၏သမီး၊(ဦးအောင်မြင့်-ဒေါ်ခင်ခင်ထွေး)တို့၏ညီမ၊ (ဦးတင်မောင်)၏ဇနီး၊ ဦးမြင့်ဦး-ဒေါ်စလိုမီ၊ ဒေါ်နန်းခင်ရွှေ၊ ဒေါက်တာဟန်စိန်-ဒေါ်ခင်မေယု၊ ဦးခင်မောင်လတ်-ဒေါ်ခင်ခင်လေး၊ ဒေါက်တာသိန်းကျော်-ဒေါ်မာလာမြင့်၊ ဒေါ်သီတာအောင်၊ ဦးအောင်ဆန်းဝင်း၊ ဗိုလ်ကြီးတင်ဦး(ငြိမ်း)-ဒေါ်စန္ဒာဦး၊ ဒေါ်စန်းစန်းငွေ၊ ဦးခင်မောင်ဝင်းတို့၏ မိခင် ဒေါ်မြမြသည် ၂၉-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက်၆း၁၀နာရီတွင်သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်(၇၅)နှစ်

(လသာ)

ရန်ကုန်မြို့နေ (ဦးစိန်ဟင်း-ဒေါ်အေးကြည်)တို့၏ သား၊ (ဒေါ်စိန်အေး၊ တံတားရွာ)၏ ခင်ပွန်း၊ အမှတ်(၁၀၂)၊ ၂၁လမ်းနေ ဦးတင်ထွန်း၊ ဒေါ်စောဘုန်းကြည်(ထ-၂၊လသာ)တို့၏ ကျေးဇူးရှင်ဖခင်၊ မလင်းဝါဝါထွန်း(တ-နှစ်၊ စီးပွားရေး၊ အဝေးသင်)၊ မယုဘုန်းကြည်ထွန်း(ဒု-နှစ်၊တိမ္မေးကု၊ရေဆင်း)၊ မောင်ဘုန်းသန့်ကျော် (VIII-ထ-၁၊ လသာ)၊မထိုက်တင့်ထွန်း(VI ထ-၂၊ လသာ)တို့၏အဘိုးသည်၂၉-၁-၂၀၀၄ ရက်နံနက် ၄နာရီတွင်ကွယ်လွန် သွားပါသဖြင့် ၃၁-၁-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၁၃)၊ ၁၈လမ်းနေအိမ်မှ ကားများ နံနက် ၁၀နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊သိမ်၊ဒါယိကာမကြီး

ဒေါ်မြကြည် အသက်(၆၀)

ခင်စိုးမိုး အထည်ဆိုင်

အဆင့်မြင့် မင်္ဂလာဈေး

မင်္ဂလာမေအသင်း

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်နေ (ဦးဆွေ-ဒေါ်လှဝင်း)တို့၏ သမီးကြီး၊ (ဒေါ်ခင်စန်းဝင်း)၊ ဦးအောင်တိုး-ဒေါ်လှဲ့လှဲ့ဝင်းတို့၏ အစ်မ၊ ကိုဝင်းထိန်-မလှဲ့လှဲ့ခိုင်၊ မမိုးမိုးစံ၊ ကိုဝင်းအောင်(ကွန်ပျူတာတက္ကသိုလ်)-မအေးအေးသန့်၊ ကိုမောင်မြင့်၊ မခင်စိုးမိုး၊ မခင်စိုးလင်းတို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၉-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငွေငွေ(ခ)ပဂ္ဂိသန်း

အသက်(၄၈)နှစ်

ဒု-ကြီး/မှူး၊ ဘဏ်ခွဲ(၆)

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၃၄)နေ(ဦးမြင့်သန်း)-ဒေါ်ညွန့်ညွန့်တို့၏ သမီး၊ [ဦးနီ(ခ)ဦးသန်းရွှေ - ဒေါ်သန်းသန်း]တို့၏သမီးချွေးမ၊ ဒေါ်ခင်ညွန့်၏ တူမ၊ ဦးအောင်ငွေ(စက်မှု/စားကုန်)၊ ဒေါ်တင်မေဦး(ကုန်သွယ်/လယ်ယာ)၏ ညီမ၊ ဦးတင်ထွန်းအောင်၊ မသန်းသန်းဆွေ၊ ဦးမြင့်သော်-ဒေါ်ရီရီသန်းတို့၏ အစ်မ၊ ဦးစိုးအောင်(ဘဏ်ခွဲ-၆)၏ ဇနီး၊ မမေမီသွယ် (City Mart Yankin)၊ မမေဇင်ခိုင်တို့၏မွေးသမိခင်၊ တူ၊တူမလေးယောက်တို့၏အဒေါ် ဒေါ်ငွေငွေသည် ၂၈-၁-၂၀၀၄ရက် ည ၁၁း၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၀၄(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တိုက် ၁၄၊အခန်း ၁၀၊စက်မှု-၁ ဝင်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကစ်တီ(ခ)ဒေါ်စောရီ

အသက်(၈၆)နှစ်

(ဦးအမ်ဘရိစ်-ဒေါ်တီ) တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၂၅)၊ လမ်း၅၀၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးဘလု-ပြည်သူ့လွှတ်တော်ရုံး၊ငြိမ်း)၏ ဇနီး၊ (ဗိုလ်ကြီးအောင်မြင့်) - ဒေါ်နီနီ၊ ဦးမင်းစိန်-ဒေါ်နယ်လီတို့၏ အစ်မ၊ (ဦးတင့်တိုး)-ဒေါ်တင်တင်ဦး(ပြည်သူ့လွှတ်တော်ရုံး၊ ငြိမ်း)၊ ဦးဒေါ်နယ်လု(ခ)ဦးမင်းသိမ်း (EX R/O Moonsoon Shipping)-ဒေါ်ချယ်ရီဖော၊ ဒေါ်ရှယ်လီလှ(ရွှေသဇင်ကုမ္ပဏီ)တို့၏ မွေးသမိခင်၊ မောင်ကျော်စိုးဝင်း၊ မဇင်မာသိမ်း၊ မောင်ဟိန်းသူအောင်တို့၏အဘွားသည် ၂၉-၁-၂၀၀၄(ကြာသပတေးနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဆုမြိုင်(ဦးစိမ်းလွင်)

အသက်(၆၈)နှစ်

(တံတားဦး)

မန္တလေးတိုင်း၊ တံတားဦးမြို့နယ်၊ ငွေကုန်းရွာနေ(ဦးထွန်း-ဒေါ်ထားရင်)တို့၏သား၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါလမ်း၊အမှတ်(၅)နေ(ဦးချစ်စု-ဒေါ်လှအေး)တို့၏သားသမက်၊ မန္တလေး တိုင်း၊ ပြင်ဦးလွင်မြို့၊ ဝက်ဝံရွာနေ(ဦးဒေလီ)-ဒေါ်ညိုညိုတို့၏ ညီ၊ တပ်ကုန်းမြို့နေ [ဦးညွန့်နွယ်(ခ)ဦးဖိုးပါ]-ဒေါ်ကြင်ကြင်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်နေ ဦးဘိုလှိုင်၊ ဒေါ်သောင်းသောင်းနုတို့၏ အစ်ကို၊(ဒေါ်ခင်ခင်)၏ခင်ပွန်း၊ မောင်ချစ်စိမ်းလွင်၊ မအေးမီလွင်၊ မောင်နေမိုးထက်လွင်၊ မအိသဲလွင်၊ မောင်မင်းရာကလွင်၊ မောင်အောင်မျိုးဇော်-မစုသဲလွင်တို့၏ ဖခင်၊ တူ၊တူမ၁၄ယောက်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏ အဘိုးသည် အမှတ်(၄၆၆)၊သခင်မြလမ်း၊ ၁၂/သမ၊ လှိုင်သာယာတွင် ၁၇-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၉-၁-၂၀၀၄ရက်တွင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူသားသမီးများ။

ဦးဉာဏ်ထွန်းအောင် (၅၆)နှစ်

(မုံရွာ)

မုံရွာမြို့၊ ညောင်တစ်ပင်ရပ်နေ ဦးရှင်-ဒေါ်ကြည်တို့၏ သားကြီး၊ ဒေါ်ရီရီ၏ မောင်၊ ဦးကံထွန်းအောင်-ဒေါ်မာမာ၊ ဒေါ်အေးမြင့်မူ၊ ဒေါ်ခင်မိုးမြင့်၊ ကိုမျိုးသန့်အောင်-မိဇွန်အောင်တို့၏ အစ်ကိုကြီး၊ ခိုင်ဝတ်မှုံ၊သန့်ဟေသီတို့၏ ဦးကြီး၊ ဒေါက်တာဒေါ်နီနီရှင် (တိုင်းမေ့ဆေးဆရာဝန်ကြီး၊ မုံရွာပြည်သူ့ဆေးရုံ)၏ ခင်ပွန်း ဦးဉာဏ်ထွန်းအောင်သည် ၂၉-၁-၂၀၀၄ရက် နံနက်၅နာရီတွင် မုံရွာမြို့၌ ကွယ်လွန်ပါသဖြင့် ၃၁-၁- ၂၀၀၄ရက် ညနေ၄နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ တန်ဆောင်း၊ တံတိုင်း ဒါယကာကြီး

ဦးညိမ်းမောင် (၇၂)နှစ်

ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ လူဝင်မှုကြီးကြပ်ရေး

(ရွှေဘို၊ သီလုံးရွာ)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဉ္ဇူလမ်းသွယ်(၃)၊ အမှတ်(၁၂-ည)နေ (ဦးဘိုလေး-ဒေါ်စံတင်)တို့၏သား၊ (ဦးကျော်ဆင့်-ဒေါ်စိန်ကြည်)တို့၏ သားသမက်၊ ဒေါ်ခင်မျိုးဆင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်မောင်အေး-ဒေါ်မြင့်မြင့်ဆင့်၊ (ဦးညွန့်တင်-ဒေါ်ခင်စန်းဆင့်)တို့၏ မောင်၊ ဦးလှိုင်မျိုးဟန်-ဒေါ်နီမာညွန့်တင်၊ ဦးလှိုင်သက်နိုင်-ဒေါ်စန္ဒာညွန့်တင်၊ (ဦးစိုးသိန်း)-ဒေါ်သီတာညွန့်တင်၊ ဦးအောင်ကျော်ဆင့်-ဒေါ်မာလာဝင်း၊ ဦးထွန်းမင်း-ဒေါ်ဝါဝါအေး၊ ဦးဘိုနီ-ဒေါ်ခင်မာလာညွန့်တင်တို့၏ ဦးလေး၊ မြေး ၁၀ ယောက်တို့၏ အဘိုး ဦးညိမ်းမောင်သည် ၂၉-၁-၂၀၀၄ ရက် နံနက် ၆း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၃၁-၁-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ တန်ဆောင်း၊ တံတိုင်း ဒါယကာကြီး

ဦးညိမ်းမောင် (၇၂)နှစ်

ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ လူဝင်မှုကြီးကြပ်ရေး

(ရွှေဘို၊ သီလုံးရွာ)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဉ္ဇူလမ်းသွယ်(၃)၊ အမှတ်(၁၂-ည)နေ (ဦးဘိုလေး-ဒေါ်စံတင်)တို့၏သား၊ (ဦးကျော်ဆင့်-ဒေါ်စိန်ကြည်)တို့၏ သားသမက်၊ ဒေါ်ခင်မျိုးဆင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နီလာညိမ်းမောင်-ဒေါက်တာရဲမြင့်၊ ဦးသူရ-ဒေါ်မိုးမိုးလွင်၊ မသဇင်ညိမ်း၊ ဦးသိန်းထိုက်-ဒေါ်နော်ဇာမြင့်တို့၏ ဖခင်၊ နိုင်ထူးမြင့်၊ ဝင်းဝင်းခိုင်၊ မေသူရတို့၏အဘိုးသည် ၂၉-၁-၂၀၀၄ရက် နံနက် ၆း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၃၁-၁-၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်သောင်းခင်(၈၁)နှစ်

(ကလေးဝ)

(ချမ်းမြေ့ယောဂီ)

စစ်ကိုင်းတိုင်း၊ကလေးဝမြို့နေ (ဦးဖုံ-ဒေါ်ဖွားမယ်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၆၂)၊ (၅)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပနေ (ဦးလူခင်-ဒေါ်သောင်း)တို့၏ညီ၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့်ဝေ၊ ဦးညီညီ-ဒေါ်ခင်မေမြင့်၊ ဦးခင်မောင်ရီ(Sunrise)၊ ဦးခင်မောင်ကြည်(ဦးစီးအရာရှိ၊ စစစ၊ မုံရွာ)-ဒေါ်အေးအေးမူ(အခွန်ဦးစီးမှူး၊ မုံရွာ)၊ ဦးထွန်းပေါ်-ဒေါ်ခင်လေးမူ၊ ဦးခင်မောင်ချို (Hanseatic)၊ ဦးအောင်မင်းဦး-ဒေါ်ကြူကြူ(ဒဂုံတောင်၊ သ/မဦးစီး)၊ ဦးခင်မောင်ချစ်(Sunrise)၊ ဦးခင်မောင်မြင့်(Sunrise)-ဒေါ်စုစုချို၊ ဦးခင်မောင်တင့်(Lizstar)၊ ဒေါ်ရွှေကင်း၊ဦးခင်မောင်ဝင်း(Lizstar)-ဒေါ်စိုးစိုးဦးတို့၏ မိခင်၊ မြေး ၂၂ယောက်တို့၏ အဘွားသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၂၉-၁-၂၀၀၄ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်ပါ၍ ၃၁-၁-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘသော်(၆၄)နှစ်

(စစ်တွေ)

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊အမှတ်(၁၄၁)၊ ဦးအောင်ထွန်းဦးလမ်းနေ (ဦးဦးသာ-ဒေါ်မစိန်သာ)တို့၏ သားလတ်၊ (ဒေါ်ခင်စောညွန့်)၏ ခင်ပွန်း၊ (ဦးဘမော်)-ဒေါ်မထွားခင်၊ ဦးစောသိန်း-ဒေါ်အေးကြည်တို့၏ ညီ/အစ်ကို၊ ဦးဇော်ဇော်သော်-ဒေါ်မလှတင်၊ ဦးကျော်ကျော်သော် - ဒေါ်ကေသွယ်ခိုင်၊ ဦးမောင်မောင်ဦး-ဒေါ်မိမိသော်၊ ဦးတင်ငြိမ်းဦး-ဒေါ်မော်မော်သော်၊ မောင်စိုးမိုးသော်၊ မဖြူဇင်သော်တို့၏ မွေးသဖခင်၊ မောင်အောင်သော်ကို၊ မောင်သန်းထိုက်ဇော်၊ မောင်ကျော်ဇင်ခန့်တို့၏ အဘိုးသည် ၂၈-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် အမှတ်(၂၂)၊ ၈၈လမ်း၊ ကန်နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည် အသက်(၆၀)

(မော်လမြိုင်)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၃)လမ်း၊ အမှတ်(၆၁၃)နေ (ဦးလင်းထိန်-ဒေါ်ကျင်မွှေး)တို့၏ သမီး၊ ပုလောမြို့နေ (ဦးထူးသင်-ဒေါ်ပို)တို့၏ သမီးချွေးမ၊ ဦးထွန်းရွှေ-ဒေါ်သက်ရှင်တို့၏ တူမ၊ (ဦးအောင်ကြည်-စစ်တောင်းစက္ကူစက်)၏ ဇနီး၊ ကိုကျော်ဇော(Diethelm Co., Ltd)၏ မိခင်သည် ၂၉-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၀၄(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ

ဒေါ်တင်ညွန့်(၈၁)နှစ်

(သထုံ)

သထုံမြို့နေ (ဦးအုန်းဖေ-ဒေါ်မို)တို့၏ သမီးကြီး၊ ထားဝယ်မြို့နေ ဒေါ်တင်မြ၊ ဒေါ်တင်ထွေး၊ ဒေါ်တင်ပိုတို့၏ အစ်မ၊ တိုက်(၂၁)၊အခန်း၃၁၊ စက်မှုရိပ်သာ၊ လှိုင်မြို့နယ်နေ (ဦးမြသောင်း)၏ဇနီး၊ ဦးလှမြင့်၊ ဦးလှဝင်း(စက်မှု-၁၊စီးကရက်စက်ရုံ)-ဒေါ်ခင်စောညို၊ ဦးစိန်အေး၊ ဦးလှဝင်း(မြန်မာ့ကြယ်ငါးပွင့်)-မခင်စောမော်တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၉-၁-၂၀၀၄ရက် နံနက်၈း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၃၁-၁-၂၀၀၄ ရက် နံနက်၁၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ကြည်အသက်(၆၀)

သဃ်န်းကျွန်းအထည်စက်ရုံ

အမှတ်-၁၅

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်(၂၀)နေ (ဦးသန်းရွှေ-ဒေါ်ပု)တို့၏ သား၊ ဦးလှအောင်-ဒေါ်မြအေး၊ ဦးလှမြင့်-(ဒေါ်အုံးရီ)၊ ဒေါ်မြသန်းတို့၏ ညီ/မောင်၊ ဦးအောင်မြင့်၊ (ဦးအောင်ကြည်)-ဒေါ်စိန်စိန်အေး၊ ဦးသန်းစိုး-ဒေါ်ခင်သန်းတို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်အေး၏ခင်ပွန်း၊ ဦးခင်မောင်ဦး၊ ဒေါ်ငွေငွေရီ၊ ကိုဟန်ဝင်းအောင်-မသင်းသင်းရီ၊ ကိုတင်မြင့်ဦး-မစန်းစန်းထွေး၊ ကိုအောင်ကျော်မျိုး-မလွင်လွင်စိုး၊ မမိုးမိုးသူ၊ မစုစုလှိုင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၉-၁-၂၀၀၄ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ဦးမောင်မောင်(၅၂)နှစ်

ဥက္ကဋ္ဌ ချမ်းမြေ့ရိပ်သာ

ဝေယျာဝစ္စအဖွဲ့ (ဟင်္သာတ)

အတွင်းရေးမှူး၊ မထသ

(ရဲရင့်ခိုင်/ဒဂုံဂိတ်)ဟင်္သာတ

ဟင်္သာတမြို့၊ ဥယျာဉ်တောင်ရပ်၊ စစ်ကဲလမ်း၊ အမှတ်(၃၅)နေ (ဦးမောင်ရှိန်)-ဒေါ်စောမြင့်တို့၏ သားထွေး၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း(စာရင်းစစ်မှူး၊ ငြိမ်း)-ဒေါ်ဝင်းကြည်၊ ဦးပါ(လ/ထ ညွှန်မှူး၊ ငြိမ်း)(ရဲရင့်ခိုင်/ဒဂုံဂိတ်)-ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ၊ ဦးထွန်းဝင်း(အထက ၃၊ ဟင်္သာတ)-ဒေါ်ခိုင်သွေးရှိန် (အထပြ၊ငြိမ်း)တို့၏ မောင်၊ ဒေါ်မာမာကြည် (အလပြ၊ငြိမ်း)၏ ခင်ပွန်း၊ မခင်ကြည်ကြည်မော်(B.Sc Maths)၊ မောင်နေလင်းမောင် (ကွန်ပျူတာတက္ကသိုလ် (ပ)နှစ်)တို့၏ ဖခင်သည် ၂၉-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါသဖြင့် ၃၁-၁-၂၀၀၄(စနေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ကြောင်း။ (ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ပွဲစားလမ်း၊ အမှတ် ၄၅ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။ ဟင်္သာတမြို့မှ လိုက်ပါပို့ဆောင်သူများဟင်္သာတမြို့စစ်ကဲလမ်းအမှတ်(၃၅)နေအိမ်မှကားများ နံနက် ၈နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဆေးဆရာကြီးဦးချစ်

အသက်(၈၇)နှစ်

လွတ်လပ်ရေးမော်ကွန်းဝင်တတိယဆင့်

ဧရာဝတီတိုင်း၊ နေဖြူမြို့နယ်၊ ဇကာကြီးနေ (ဦးဘိုးရှိန်-ဒေါ်ပု)တို့၏ သား၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာလမ်း(၂၀)၊ အမှတ်(၇၉၉)နေ ဒေါ်အေးသိန်း၏ ခင်ပွန်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ရှ)ရပ်ကွက်နေ (ဦးထွန်းမြင့်)-ဒေါ်မြင့်၏ အစ်ကို၊ ဆရာဦးသိန်းထွန်း(အထက-၄၊မြောက်ဥက္ကလာပ)၊ဦးမောင်အေး (မရမ်းကုန်းအထည်စက်ရုံ၊ အမှတ်-၁)-ဒေါ်သန်းအေး (မြောက်ဥက္ကလာပဆေးရုံကြီး)၊ ဒေါ်တင်တင်ထွေး(မိုး/ဇလ)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ထွန်းလွင်ဦးနှင့် မောင်သက်ဇင်သက်တို့၏အဘိုးသည် ၂၈-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)နံနက်၉း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၃၀-၁-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)

အသက်(၇၈)နှစ်

(ရေစကြို)

ရေစကြိုမြို့နေ(ဦးရှိန်-ဒေါ်နှင်းအေး)တို့၏သား၊ (ရှေ့နေ ဦးဘခင်)-ဒေါ်ခင်သန်းတို့၏ မောင်၊ ညောင်လေးပင်မြို့နေ (ဦးရွှေရ-ဒေါ်ငွေတင်) တို့၏ သားသမက်၊ သံအမတ်ကြီးဦးကိုကို(ငြိမ်း)-ဒေါ်တင်တင်ပိုက်၊ ဦးသက်ကိုကို (သဥ္စာမြိုင်စတိုး) ဒေါ်မာလာကြည်တို့၏ဖခင်၊ သာကေတမြို့၊ ဧရာဝဏ်ရိပ်သာ၊ တိုက်(၈)နေ ဒေါ်သန်းသန်းအေး၏ ခင်ပွန်းသည် ၂၉-၁-၂၀၀၄ရက် နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၃၁-၁-၂၀၀၄(စနေနေ့) နံနက်၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်)

ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအေးချို (၇၆)နှစ်

(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နေ ဒေါ်ချစ်စိန်၏ ခင်ပွန်း၊ ဦးဝင်းမြင့်၊ ဒေါ်ခင်မာဝင်း၊ ဦးတင်နွဲ့ - ဒေါ်ခင်အေးဝင်း၊ ဦးစန်းထွန်း-ဒေါ်ခင်ချို၊ ဦးသောင်းကျော်၊ မခင်နှင်းဖြူ၊ မောင်တင်ထွန်းဇော်၊ မခင်နှင်းမူ၊ ဗိုလ်ကြီးသန်းထွေးဇော်-မဇာနည်လွင်တို့၏ဖခင်သည်၂၇-၁-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဖြူ(၆၈)နှစ်

(အောင်လံ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၅)၊ ပထပ်နေ (ဦးသိန်းဖေ-ဒေါ်နု)တို့၏ သမီး၊ (ဗိုလ်မှူးစိုင်းမွန်)၏ဇနီး၊ (ဒေါ်မာမာရီ)-ဦးစောလွင်(K&W SYN Ltd.)၊ဒေါ်သန်းသန်းငွေ-(ကပ္ပတိန်မြင့်စိုး)၊ ဦးစိုင်းအောင်မင်း(C/O Huap Choon Shipping Co;)-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ငွေငွေစိုင်း-ဦးမြကြီးအောင်(C/O Lizstar Shipping Co)၊ (ဦးစိုင်းနိုင်အောင်)တို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၈-၁-၂၀၀၄ရက် ည ၇း၃၀နာရီတွင် အာရုတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြမြအေး အသက် (၅၀)

အမှတ် ၂/ခ၊ ဆန္ဒန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဒွေ)-ဒေါ်ကျောက်ရီတို့၏ သမီး၊ (ဦးသောင်းတင်-ဒေါ်ကျင်မွှေး)၊ (ဦးလှသောင်း)-ဒေါ်အေးသိန်း၊ ဒေါ်ကြည်ကြည် ဝင်း(မြန်မာ့အာမခံလုပ်ငန်း)တို့၏ ညီမ၊ ဦးမြင့်ဦး-ဒေါ်တင်တင်ဝင်း(အထက-၃၊ဗိုလ်တထောင်)၊ ဦးအောင်သန်း-ဒေါ်သီတာဝင်းတို့၏အစ်မ၊ တူ/တူမ ၁၀ယောက်တို့၏ အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားလေးသည် ၂၈-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) ည၁၀နာရီတွင် ကွယ်လွန်ပါ၍ ၃၀-၁-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ သုနန္ဒ

သိက္ခတော်(၇၁)ဝါ၊ သက်တော်(၉၁)နှစ်

မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာ

အနောက်ကျောင်း၊ ကျောင်းထိုင်ဆရာတော်

မဟာဝိသုတာရာမိက ဂဏဝါစကနိဂါရ၊ ဂဏအနုနာယက

ဘွဲ့တံဆိပ်တော်ရ

သက်တော်ရှည်ဆရာတော်

မကွေးတိုင်း၊ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာ၊ အနောက်ကျောင်း၌ သီတင်းသုံးတော်မူသော မဟာဝိသုတာရာမိက ဂဏဝါစကနိဂါရ၊ ဂဏအနုနာယက ဆရာတော်ဘဒ္ဒန္တ သုနန္ဒသည် ၁၃၆၅ခုနှစ် တပို့တွဲလဆန်း၄ရက်၊ ၂၅-၁-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ၄း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၁၄ရက် ၄-၂-၂၀၀၄ရက် ညနေ ၄နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင်ဆင်ယင် ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ကျွဲတဲကျေးရွာ၊ ကျွဲတဲအုပ်စု၊ ပခုက္ကူမြို့နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ပညာဝံသ (ဟုမ္မလင်း)

သိက္ခာတော်(၃၆)ဝါ၊ သက်တော် (၆၄)နှစ်

ပညာတံခွန်ကျောင်းတိုက်၏ ဦးစီးနာယကဆရာတော်

ဥက္ကဋ္ဌ-ရပ်ကွက်သံဃနာယကအဖွဲ့၊ ၁၀၇/ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ဟုမ္မလင်းမြို့နေ ဦးကျော်သာဒေါ်စောမြတို့၏ သား၊ ဦးလှမြင့်၊(ဒေါ်သောင်းစိန်)၏မောင်၊ ဦးတိလောကဒေါ်ပညာသိင်္ဂီ၊ဒေါ်နွဲ့နွဲ့၊ဒေါ်ယဉ်ယဉ်နွဲ့တို့၏ ဦးလေး၊ မောင်လွမ်းသူအောင်၏ အဘိုး ဘဒ္ဒန္တ ပညာဝံသသည် ၂၈-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည၉း၄၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၃၀-၁-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ကျီစုသုသာန်သို့ ပို့ဆောင်အန္တိမအဂ္ဂိဈာပနဆင်ယင်ကျင်းပ မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။[ပညာတံခွန်ကျောင်း ၁၀၇-ဒဂုံ(တောင်)မှကားများ မွန်းလွဲ ၁း၃၀နာရီ ထွက်မည်။] ကျန်ရစ်သူတပည့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးပညာစက္က(ခ)ဦးမြင့်စိုး

သိက္ခာတော်(၃)ဝါ၊ သက်တော်(၄၃)နှစ်

မိုးကုတ်မြို့၊ ဆင်တောင်ကျောင်းဆရာတော် ဦးဝိသုဒ္ဓ၊ လှည်းကူးမြို့၊ ဘုရားကျောင်း ဆရာတော်ဦးဇာဂရ၊ နှုတ်ခမ်းမွှေးသိုက်ကျောင်း ဆရာတော် ဦးခေမာနန္ဒ၊ နှုတ်ခမ်းမွှေးသိုက်ကျေးရွာနေ ဦးစောလှိုင်၊ လှည်းကူးမြို့ မေလာဝတီရပ်ကွက်နေ ဦးသောင်း၊ ဒေါ်အုန်းမြ၊ မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းကျေးရွာနေ ဦးမောင်ဟန်၊ ပြင်ဦးလွင်မြို့နေ ဦးငွေသောင်း-ဒေါ်ခင်သိန်း၊ လှည်းကူးမြို့နယ်၊ ဆီဆုံကုန်းကျေးရွာနေ (ဦးကျော်သိန်း)၊ ဒေါ်အုန်း၊ မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းကျေးရွာနေ(ဦးလှကြွယ်)-ဒေါ်မြင့်တို့၏တူ၊ [ဗိုလ်ကြီးစိုးတင့်(ခ)ဦးစော]-ဒေါ်တင်ရွှေတို့၏သား၊ ဦးသန်းထွန်း-ဒေါ်စန်းစန်းမြင့်၊ ဦးအေးမြင့်-ဒေါ်လှသန်း၊ ဦးသောင်းစိန်-ဒေါ်မြင့်မြင့်စော၊ ဦးလှမြင့်-ဒေါ်အေးမြင့်၊ ဦးဖုန်းမြင့်-ဒေါ်စောမူ၊ ဦးထွန်းဝေ-ဒေါ်လှမြင့်တို့၏ ညီ/မောင်၊ ဦးညိုထွန်း-ဒေါ်ယဉ်ကြည်၊ ဦးစိုးဝင်းရွှေ-ဒေါ်လှဲ့လှဲ့စိုး၊ ဦးမျိုးမြင့်အောင်-ဒေါ်အေးသက်ခိုင်တို့၏အစ်ကို ဦးပညာစက္က(ခ)ဦးမြင့်စိုးသည် ၂၄-၁-၂၀၀ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၅-၁-၂၀၀၄ (တနင်္ဂနွေနေ့)တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)

အသက်(၇၈)နှစ်

(ရေစကြို)

ရေစကြိုမြို့နေ (ဦးရှိန်-ဒေါ်နှင်းအေး)တို့၏သား၊ သာကေတမြို့၊ ဧရာဝဏ်ရိပ်သာ၊ တိုက်(၈)နေ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ ဦးအေးကိုကို (First Mate Mariner Co-ဒေါ်စောနွယ်မွန်(ဘုတ်ဘုတ်)၊ (မန်နေဂျာ TKK Co.,)၊ ဦးစိုး ကိုကို(ဌာနစုမှူး ၁၊ နိုင်ငံခြားရေး)-ဒေါ်မြတ်သူဇာသန်း(ဌာနစုမှူး ၁၊နိုင်ငံခြားရေး)-ဒေါ်မြတ်မြတ်ကို(နည်းပြ၊ သမိုင်းဌာန၊ထားဝယ်တက္ကသိုလ်)တို့၏အဘိုး၊ ချောစုစန္ဒာကို၏ ချစ်လှစွာသောဖိုးဒက်ဒီသည် ၂၉-၁-၂၀၀၄ရက်နံနက် ၄နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၀၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ကိုကိုဇော်

အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၁၂)၊ အခန်း(၁၇)နေ (ဦးစိန်ဟန်)- ဒေါ်ခင်ဆွေတို့၏ သားငယ်၊ ကိုရဲထွဋ်-မသန္တာဟန်(ဗဟိုဘဏ်)၊ ကိုခင်ဇော်သိန်း-မနီလာဟန်၊ ကိုဝင်းနိုင်-မတင်မာဟန်၊ ကိုရဲဆွေ-မအေးမြတ်ဟန်၊ ကိုဝင်းဇော်-မသွယ်သွယ်ဟန်တို့၏မောင်၊ မသဲမြတ်ထက်၊ မအိအိခိုင်၊ မပန်းယုမော်၊ မောင်ကောင်းသာထက်၊ မအေးချမ်းပို၊ မမြတ်နိုးဆွေ၊ ဖိုးသားလေးတို့၏ ဦးလေးသည်၂၉-၁-၂၀၀၄ရက် နံနက်၁း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီးနှလုံးအထူးကုဆောင်၌ ကွယ်လွန်ပါ၍ ၃၁-၁-၂၀၀၄(စနေနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Mrs. Margaret Mascarenas

အသက်(၈၀)

အထက(၂)၊ စမ်းချောင်း

အထက(၂)လသာ

ဆရာမငြိမ်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်(၄)လမ်း၊ တိုက်(၅၇)၊ အခန်း(၁)နေ Mr.W.E Lazaro နှင့် Mrs. Rosemun Lazaroတို့၏ သမီး၊ (ဦးဂျွန်မက်စ်ကရေးနပ်စ်)၏ ဇနီး၊ ဒေါ်ယိုလန်ဒါ၊ ဒေါ်မာရီယာမက်စ်ကရေးနပ်စ် (ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း)၊ ဒေါ်လိုရင်းတို့၏ ချစ်လှစွာသောမိခင်သည် ၂၆-၁-၂၀၀၄ (တနင်္လာနေ့) နံနက် ၈း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ကွယ်လွန်သူမိခင်ကြီး၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ရေဝေးခရစ်ယာန်သချိုင်း၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစန်ဘ(၇၂)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

လူမှုဝန်ထမ်းဦးစီးဌာန

လူထုပညာရေးမှူးဟောင်း

(အင်းလေး)

ညောင်ရွှေမြို့နယ်၊ မိုင်းပျိုးရွာနေ ဦးမြစ်-ဒေါ်ခင်ဖြူတို့၏ သားလတ်၊ ပုလောမြို့နေဦးစံသိန်း-ဒေါ်ငွေစိန်တို့၏ သားသမက်၊ အမှတ်-၄၇၁၊ စေတနာ(၃)လမ်း၊၄၃ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်မြညွန့်(လူမှုဝန်ထမ်း)၏ ခင်ပွန်း၊ မိုင်းပျိုးရွာနေ ဦးလှဖေမြင့်-ဒေါ်ခင်သန်းတို့၏ ညီမောင်၊ ဦးစံလှ-ဒေါ်မြကျင်၊ ဦးထွန်းရီ-ဒေါ်ငွေရီ၊ ဦးခင်မောင်ထွေး-ဒေါ်သေးသေးတို့၏အစ်ကိုသည် ၂၈-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂း၄၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၀၄(သောကြာနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ၊ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

လာအိုဒုတိယဝန်ကြီးချုပ်နှင့် ဇနီး ခေါင်းဆောင်သောအဖွဲ့ ရခိုင်ပြည်နယ် သံတွဲမြို့တွင် ရေလုပ်ငန်းများလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီဆီဆူလစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်တာဗီဘော့ဟီစိမ်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ရခိုင်ပြည်နယ်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ရခိုင်ပြည်နယ် သံတွဲမြို့ သံတွဲလေဆိပ်သို့ ဇန်နဝါရီ ၂၈ရက် ညနေ ၃နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြသည်။

ညသည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံတော် စီမံကိန်း များ ပူးပေါင်း ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင် လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီ ဆီဆူလစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ ဝင်များအား အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်၊ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ☆

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တံတားဦး-မြို့သာ-မြင်းခြံ မော်တော်ကားလမ်းနှင့် မြင်းခြံ အစိုးရ စက်မှုလက်မှုသိပ္ပံနှင့် ဒီဂရီကောလိပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ ပန်းဆေးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး တံတားဦး-မြို့သာ-မြင်းခြံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ တံတားဦးအပိုင်း မိုင်တိုင် ၄၉၆/၇ သို့ ရောက်ရှိကြပြီး လမ်းတိုးတက်ပြုပြင်ခြင်းစီမံကိန်းလုပ်ငန်း ကတ္တရာခင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၁၂ ကော်လံ ၂ သို့** ✧

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ထောင်လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီ ဆီဆူလစ်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ သံတွဲမြို့ မဇင်ကျေးရွာရှိ Everlive Co., Ltd. က ဆောင်ရွက်လျက်ရှိသည့် ရေချိုပုစွန်သားပေါက် ထုတ်လုပ်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်စတင်

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ ညနေပိုင်းက လှိုင်သာယာ၊ ကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းကွင်းတို့၌ စတင်ကျင်းပရာ ဧရာဝတီတိုင်းအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ အနိုင်ရရှိသွားသည်။

သုဝဏ္ဏကွင်း

ဧရာဝတီတိုင်းအသင်း နှစ်ဂိုး။

(ဇေယျာဖြိုးမြင့်နှင့် နန္ဒာဇော်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဂိုးမရှိ။

အကောင်းဆုံးဆု ရာဇာစိုး

(ဧရာဝတီ)

စာမျက်နှာ ၁၂ ကော်လံ ၂သို့ ❍

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

သတင်း၊ ဆောင်းပါး အညွှန်း

"ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံ၏နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမျိုးရေးတို့တွင် နည်းမျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့သည်။ သို့သော် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ အေးအတူ ပူအမျှ နေထိုင်လာခဲ့ကြသည့် မြန်မာတိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကား သတ်၍မသေသော ပြည်ထောင်စု၏ အမြုတေဖြစ်သည်"

စိုးငြိမ်းစံ၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"တိုင်းရင်းသားများအကြား နယ်ချဲ့တို့၏ သွေးခွဲမှုများ"** ကို စာမျက်နှာ (၈)နှင့်(၉)တွင် ဖော်ပြထားပြီး **နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း** ကို စာမျက်နှာ(၇)တွင် ဖော်ပြထားပါသည်။

(ကြေးမုံ)

အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ)

မန္တလေးတိုင်း မြင်းခြံမြို့ အစိုးရ စက်မှုလက်မှုသိပ္ပံ (မြင်းခြံ) အဆောက်အအုံ ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

(သတင်းစဉ်)

My Doom အမည်ရှိ ကွန်ပျူတာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၉

My Doom ခေါ် W32.Movarg A@mm အမည်ရှိ ကွန်ပျူတာဗိုင်းရပ်စ်တစ်မျိုးသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလအတွင်း စတင်ပျံ့နှံ့လျက်ရှိရာ ယခုလ ၂၈ ရက်တွင် အဆိုပါ ဗိုင်းရပ်စ်ပါဝင်သော e-Mail စောင်ရေသန်း ၁၀၀ ကျော် ပြန့်ပွားလျက်ရှိကြောင်း၊ ဥရောပတွင် ယခုလ ၂၈ ရက် နံနက်ပိုင်း၌ ဗိုင်းရပ်စ်ပြန့်ပွားမှုမှာ ၂၁ ရာခိုင်နှုန်းရှိရာမှ မွန်းလွဲပိုင်းသို့ရောက်သောအခါ ၃၃ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း၊ ၎င်းသည် e-Mail မှတစ်ဆင့် ကူးစက်ပြန့်ပွားသော Mass-mailing worm တစ်ခုဖြစ်ကြောင်း၊ ၎င်းသည် e-Mail ၏ attachment အဖြစ် ပါဝင်လာပြီး Extension များမှာ .bat, .cmd, .exe, .pif, .scr, .zip တို့ဖြစ်ကြောင်း၊ e-Mail ၏ Subject line တွင် Test, Hi, Hello, Mail Delivery System, Mail Transaction Failed, Server Report, Status, Error စသည်ဖြင့် တစ်ခုခုပါဝင်ကြောင်း၊ ကူးစက်ခံရပြီးပါက ၎င်းသည်အခြားသော e-Mail User များထံသို့ ဆက်လက်ပေးပို့ဖြန့်ဝေကြောင်း၊ ကူးစက်ခံရသော ကွန်ပျူတာတွင် Proxy Backdoor တစ်ခုထားရှိနိုင်ကြောင်းသိရှိရသည်။ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ➪